# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ် (၀၃၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။


၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်သူများ ကျန်းမာပျော်ရွှင် အပန်းဖြေနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း အားကစားကွင်းများနှင့် ပန်းခြံလုပ်ငန်းများဆောင်ရွက်



လှိုင်သာယာမြို့နယ် တံတားနှစ်စင်းကြား ဆောင်ရွက်ထားသည့် ပန်းခြံကို တွေ့ရစဉ်။

ရန်ကုန် နိုဝင်ဘာ ၃

လူတို့၏ ရှင်သန်မှုတွင် ကိုယ်စိတ်နှစ်ပါးရွှင်လန်းမှသာ ကျန်းမာပျော်ရွှင်သော ဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ သည့်အတွက် ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်း ပြည့်စုံနိုင်ရန် စိတ်ကြည်လင်လန်းဆန်းမှုကို ဖန်တီးပေးနိုင်သော ပတ်ဝန်းကျင်၏ ရှုခင်းပသာဒကို ကြည့်ရှုခံစားရန်လိုအပ်သည်။


*စာမျက်နှာ ၅ ကော်လံ ၁* ◆


**ယနေ့ ဖတ် စ ရာ**


**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ပိတ်ပွဲ အခမ်းအနားတွင် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကြည့်ရှုလေ့လာ**

ပြည်တွင်းသတင်း စာ ၆

--------------------

**ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့**

ဆောင်းပါး စာ ၁၀

--------------------

**တန်ဆောင်မုန်းလရာသီနှင့် ကထိန်ခင်းပွဲ**



ဆောင်းပါး စာ ၁၆

--------------------

**ဗြိတိန်နိုင်ငံ၏ ကွန်ဆာဗေးတစ်ပါတီက လူမည်းအမျိုးသမီးကို ခေါင်းဆောင်အဖြစ် ပထမဆုံးအကြိမ် ရွေးချယ်**

နိုင်ငံတကာသတင်း စာ ၁၃

--------------------

**သဘာဝတောတောင် အလှဝေဆာသည့် နတ်မတောင် အမျိုးသားဥယျာဉ်**



ဇီဝစုံလင်သဘာဝဝန်းကျင် စာ ၁၈


## မုံရွာမြို့နယ်၌ မိုးသီးနှံ မြေပဲ ၁၄၀၅ ဧက စိုက်ပျိုးပြီးစီး၊ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်



မုံရွာ နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ မိုးသီးနှံ မြေပဲ ၁၄၀၅ ဧက စိုက်ပျိုးပြီးစီး၍ လျာထားဧကထက် ၁၇၅ ဧကကျော်လွန် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မိုးမြေပဲများစိုက်ပျိုးရာတွင် မြေပဲမျိုးများဖြစ်သည့် ဆင်းပဒေသာ-၁၁၊ မကွေး-၁၆၊ မကွေး-၁၀ စသည့် မြေပဲမျိုးများကို အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များကို စိုက်ပျိုးထားရှိပြီး တောင်သူလယ်သမားများ မိုးမြေပဲစိုက်ပျိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သောစိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကူညီထောက်ပံ့ခြင်းများကို တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ ကြီးကြပ်ညွှန်ကြားမှုဖြင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကူညီထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို သက်ဆိုင်ရာဌာနများနှင့်


*စာမျက်နှာ ၃ ကော်လံ ၁* ○

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များ အားကစားပြိုင်ပွဲများ ဖွင့်ပွဲကျင်းပ ပြိုင်ပွဲဝင် အသင်း ၁၄ သင်းမှ အားကစားသမားပေါင်း ၁၂၀၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်

**မုံရွာ နိုဝင်ဘာ ၃**

၂၀၂၄ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနနှင့် တက္ကသိုလ် / ဒီဂရီကောလိပ်များ အားကစားပြိုင်ပွဲများ ဖွင့်ပွဲကို နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ဝန်ကြီးဌာနနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားပြီး ၂၀၂၄ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များ အားကစားပြိုင်ပွဲများကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ပြိုင်ပွဲဝင်အားကစားအသင်းများမှ အသင်းအုပ်ချုပ်သူများနှင့် ဘင်ခရာ/ပန်းဖွား၊ Fitness Dance၊ အလံကိုင်၊ ဆိုင်းဘုတ်ကိုင်အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မုံရွာမြို့ပေါ်ရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ဘင်ခရာ/ပန်းဖွား၊ Fitness Dance တို့ဖြင့် တီးခတ်သရုပ်ပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ဘောလုံးအဖွင့်ပွဲစဉ်အဖြစ် ပညာရေးဒီဂရီကောလိပ်အသင်းနှင့် ပဋ္ဌအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးကြရာ ပညာရေးဒီဂရီ ကောလိပ်အသင်းက ပဋ္ဌအားမာန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါ ၂၀၂၄ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များ အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၃ ရက်မှ ၂၅ ရက်အထိ အားကစားနည်း ၁၁ နည်းဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဝန်ကြီးဌာနနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်များ အသင်း ၁၄ သင်းမှ ပြိုင်ပွဲဝင် အားကစားသမား စုစုပေါင်း ၁၂၄၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

(ပြန်/ဆက်)

## နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံပြီး ၂၁-၁၁-၂၀၂၄ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

❍ ***ရှေ့ဖုံးမှ***

ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

အဆိုပါ မိုးမြေပဲများကို အောက်တိုဘာ ၁ ရက်မှ စတင်ပြီး ရိတ်သိမ်းလျက်ရှိရာ ယနေ့အချိန်အထိ စိုက်ကေ၏ ၇၀ ရာခိုင်နှုန်းကို ရိတ်သိမ်းပြီးစီးကာ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၂၀ ဒသမ ၃၂ တင်း ထွက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဟိုတယ်နှင့်တည်းခိုခန်းဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် အထူးအလေးထား ပူးပေါင်းပါဝင်စေရေး မြစ်ကြီးနားမြို့ပေါ်ရှိ ဟိုတယ်/တည်းခိုခန်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**မြစ်ကြီးနား နိုဝင်ဘာ ၃**

ကချင်ပြည်နယ်အတွင်း ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေး၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများ စနစ်တကျဖြင့် လုံခြုံရေးကို အလေးထား ဆောင်ရွက်နိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြစ်ကြီးနားမြို့ပေါ်ရှိ ဟိုတယ်/တည်းခိုခန်း လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၃ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ကျင်းပသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြစ်ကြီးနားမြို့ပေါ်ရှိ ဟိုတယ် / တည်းခိုခန်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

**စည်းကမ်းများသတ်မှတ်**

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်း လုပ်ငန်းရှင်များကို သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး နိုင်ငံတော်ကို အခွန်ပေးသွင်းစေကာ လုပ်ငန်းလိုင်စင်ချထား ခွင့်ပြုထားကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် လိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းများကိုလည်း လိုင်စင်ချထားပေးစဉ်ကတည်းက ထည့်သွင်း သတ်မှတ်ပြီးဖြစ်ကြောင်း၊ ထို့ပြင် အဆင့်အတန်းနှင့်ညီမျှသည့် ဝန်ဆောင်မှု အရည်အသွေးများ ပေးအပ်နိုင်ရေး၊ ပုံရိပ်ကျဆင်းမှုမရှိစေရေး လုပ်ငန်းရှင်များဘက်က ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့ အစိုးရအဖွဲ့နှင့် တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့်လည်း ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

**တိုက်တွန်းမှာကြား**

ထို့ပြင် မိမိတို့မြို့လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုလည်း တာဝန်ရှိရှိ၊ တာဝန်သိသိဖြင့် ပူးပေါင်း ဆောင်ရွက်ပေးကြရန် အထူး အလေးအနက်ထား မှာကြားလိုကြောင်း တိုက်တွန်းမှာကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့များက ဟိုတယ်/ လုပ်ငန်းရှင်များဘက်မှ သတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဧည့်စာရင်း မှန်ကန်စွာ အချိန်နှင့် တစ်ပြေးညီပေးပို့နိုင်ရေး၊ လုံခြုံရေးအတွက် CCTV များ တပ်ဆင်ထားရှိ၍ ကောင်းမွန်အောင် ဆောင်ရွက်ကြရေး၊ လုံခြုံရေး အသိ၊ သတိဖြင့် အထူး အလေးထား ပူးပေါင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့် အရေးယူ ဆောင်ရွက်နိုင်သည့် ဥပဒေ၊ နည်းဥပဒေများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များက လုပ်ငန်းလိုင်စင်ဆိုင်ရာကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်ပေးရမည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ သိလိုသည်များ၊ အခက်အခဲများကို တင်ပြဆွေးနွေးကြသည်။

**ညှိနှိုင်းပေါင်းစပ်**

တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များအနေဖြင့် ခရီးသွားရာသီအတွင်း အဆင့်အတန်းမီစွာ ဝန်ဆောင်မှုပေးနိုင်ရေး၊ မိမိတို့ လုပ်ငန်း အဆောက်အအုံနှင့် ပတ်ဝန်းကျင်များ သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် လုံခြုံရေးဆိုင်ရာ အထူးဂရုစိုက် ပူးပေါင်းပါဝင်နိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များအကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ညောင်ဦးမြို့ Sanon Assessment Center ၌ Waiting Staff Level-1 စစ်ဆေးအကဲဖြတ်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၃**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ညောင်ဦးမြို့နယ် ညောင်ဦးသံတဲဝင်း ပျူစောထီးလမ်း အမှတ် (၃) ရပ်ကွက်ရှိ Sanon Assessment Center သို့ ရောက်ရှိပြီး ဟိုတယ်စားပွဲထိုး (Waiting Staff) Level–1 အလုပ်အကိုင်အတွက် ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဟိုတယ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များ၊ တာဝန်ခံများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးသည်။

**အသိအမှတ်ပြုလက်မှတ်များထုတ်ပေး**

တွေ့ဆုံဆွေးနွေးစဉ် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု “စံ”သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)အနေဖြင့် လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှု “စံ” များ ရေးဆွဲခြင်း၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းကဏ္ဍနှင့်ပတ်သက်၍ Level 1 အလုပ်အကိုင် ရှစ်မျိုး၊ Level 2 အလုပ်အကိုင် ရှစ်မျိုးနှင့် Level 3 အလုပ်အကိုင် နှစ်မျိုး၊ စုစုပေါင်း အလုပ်အကိုင် ၁၈ မျိုးအတွက် ကျွမ်းကျင်မှုစံများ အတည်ပြုထားပြီး ၂၀၁၄ ခုနှစ်မှ ယနေ့ထိ ဟိုတယ်စားပွဲထိုး၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးနှင့် ဧည့်ကြိုအလုပ်အကိုင် သုံးမျိုးတွင် သတ်မှတ် အရည်အချင်းကိုက်ညီသူ ၁၄၈၅ ဦးကို ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ကြောင်း။

**အလေးထားဆောင်ရွက်**

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ကဏ္ဍဆိုင်ရာ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန်နှင့် အသိအမှတ်ပြုလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးလျက်ရှိရာ Sanon Assessment Center အနေဖြင့် NSSA လုပ်ငန်းစဉ်တွင် စဉ်ဆက်မပြတ် ပါဝင်ဆောင်ရွက်ပေးရန်၊ ဟိုတယ်အလုပ်အကိုင်ဆိုင်ရာ အလုပ်ရှာဖွေသူများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် ဟိုတယ်အလုပ်အကိုင်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်းနှင့် အရည်အသွေးရှိ ကျွမ်းကျင်မှု စစ်ဆေး အကဲဖြတ်ခြင်းများ ဆောင်ရွက်နိုင်ရေး ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တည်ထောင်၍ စဉ်ဆက်မပြတ် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်နိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# မိုးနှောင်းဝါ၊ ဆောင်းနေကြာသီးနှံများနှင့် နို့စားနွားမွေးမြူရေး သမဝါယမအသင်းများသို့ ကွင်းဆင်းကြည့်ရှု

**ပြင်ဦးလွင် နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော မိုးနှောင်းဝါ၊ ဆောင်းနေကြာသီးနှံ များနှင့် နို့စားနွားမွေးမြူရေး သမဝါယမအသင်းများသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးထွန်းဇော်ဦး (ညွှန်ကြားရေးမှူး)နှင့်တာဝန်ရှိသူများ ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ လွန်ကောင်းကျေးရွာအုပ်စု ဝါးနက်ကျေးရွာမှ ဝါစိုက်ပျိုးသည့် အသင်းသားတောင်သူများ၊ ဆောင်းနေကြာစိုက်ပျိုးသည့် အသင်းသား တောင်သူများ၊ သင်္ဂတုံကျေးရွာအုပ်စု ရေမောင်းကုန်းကျေးရွာ ပြင်ဦးလွင် နို့စားနွားမွေးမြူရေးအသင်း လီမိတက်၏ အသင်းသားများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၅၉၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

**ထုတ်ပြန်ကြေညာ**

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၄ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၅၉၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

**ဥပဒေအရအရေးယူဆောင်ရွက်မည်**

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် ကျေးရွာစာကြည့်တိုက်များအား ကြည့်ရှုစစ်ဆေး

**ပျဉ်းမနား နိုဝင်ဘာ ၃**

နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်း၌ ပျဉ်းမနားမြို့နယ် ယောက်သွားအင်းကျေးရွာအုပ်စု ကြံဖိုစုကျေးရွာသို့ သွားရောက်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် ကျေးရွာ စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု စစ်ဆေးရာတွင် နေပြည်တော် ကောင်စီဝင်က ကျေးရွာစာကြည့်တိုက် မကြာမီ ဖွင့်လှစ် ဆောင်ရွက်နိုင်ရေး အတွက် ပရိဘောဂ၊ စာအုပ်စာစောင်နှင့် စာကြည့်တိုက်အင်္ဂါရပ်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ရမည့် လုပ်ငန်းများကို စနစ်တကျ ကြိုတင်ဆောင်ရွက်ထားရှိရန်နှင့် ကျေးရွာစာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာ ဖွံ့ဖြိုးစေရေးအတွက် ဒေသခံ ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် သနပ္ပင်ဆိပ်ကျေးရွာအုပ်စု သနပ္ပင်ဆိပ် (အနောက်) ကျေးရွာသို့ သွားရောက်၍ ကျေးရွာ စာကြည့်တိုက် ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ နေပြည်တော် ကောင်စီဝင်က စာကြည့်တိုက် ဆောက်လုပ်ရေး လုပ်ငန်းများ စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နေပြည်တော် ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် ကျီးအင်းကျေးရွာသို့ သွားရောက်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ရန်ပုံငွေ ကျပ်သိန်း ၅၀ ဖြင့် ကျေးရွာ စာကြည့်တိုက်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုပြီး လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် စာကြည့်တိုက်ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှု ရှိစေရေး အတွက် မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





ရန်ကုန် – ပုသိမ်လမ်းဘေး ညောင်ရွာ – ဒိုင်စုအဝင်လမ်းတွင် Box Culvert တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

◆ *ရှေ့ဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဘုရင့်နောင်တံတား နှစ်စင်းကြားရှိ ပန်းခြံနှင့် ဘုရင့်နောင်ပန်းခြံအတွင်း ပြည်သူများ အပန်းဖြေနိုင်ရန် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်မှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဘုရင့်နောင်တံတားနှစ်စင်း ကြားရှိ ပန်းခြံအတွင်း လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများ၊ အနီးအနားရှိ ရပ်ကွက်၊ ကျေးရွာများမှ အားကစားဝါသနာပါသူ လူငယ်များအတွက် ဖူဆယ်ကွင်း၊ ဘော်လီဘောကွင်း၊ ပိုက်ကျော်ခြင်းကွင်း၊ ဘောလုံးကွင်းတည်ဆောက်ပြီးစီးမှုများ၊ ဆိပ်ကမ်းသာလမ်းပေ ၂၀၀ ခန့်ရှိ မြစ်ထွက်ပေါက် ရေမြောင်းတူးဖော်နေမှုနှင့် မြေထိန်းနံရံ ဆောင်ရွက်နေသည့် လုပ်ငန်းခွင်နှင့် ရန်ကုန်–ပုသိမ်လမ်းဘေး ညောင်ရွာ–ဒိုင်စုအဝင်လမ်းတွင် Box Culvert တည်ဆောက်နေမှု လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးရာ စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်)ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် လှိုင်သာယာမြို့နယ် အမှတ် (၇) ရပ်ကွက်၊ ရန်ကုန်–ပုသိမ်လမ်းနှင့် ရန်ကုန်–ညောင်တုန်းလမ်းဆုံရှိ ဘုရင့်နောင်ပန်းခြံ တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ ပန်းခြံမှအင်းဂလိုင်ချောင်းအထိ အရှည်ပေ ၅၀၀၀၊ အကျယ် ရှစ်ပေ၊ အနက်ငါးပေ အုတ်ရေမြောင်းတည်ဆောက်နေမှု၊ ရန်ကုန်–ညောင်တုန်းလမ်းဘက် ပန်းခြံအဝင်နေရာတွင် အရှည် ၃၂ ပေ၊ အကျယ် ရှစ်ပေ၊ အနက် ခြောက်ပေ Box Culvert တည်ဆောက်ပြီးစီးမှု၊ အလျား ၁၀၈ ပေ၊ အနံ ၅၈ ပေ ဘက်စုံသုံး အဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ ပန်းခြံအတွင်း ရန်ကုန်မြို့တော် ရေပေးဝေရေးဇုန်(၉)၏ အလျား ၁၂၅ ပေ၊ အနံ ပေ ၃၀၊ အနက် ၁၁ ပေရှိ ရေဂါလန်နှစ်သိန်းဆံ့ မြေအောက်ရေစုကန်နှင့် ရေတွန်းစက်ရုံတည်ဆောက်ပြီးစီးမှု၊ ဘက်စုံသုံး အဆောက်အအုံအတွင်းရှိ လှိုင်သာယာမြို့နယ်များ၏ Scale Model ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## ဥပဒေအရာရှိများ အကျင့်သိက္ခာပြည့်စုံပြီး အများပြည်သူလေးစား အားကိုးရသူများဖြစ်ရန် အရေးကြီး ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများ၊ ဟောပြောပွဲများကို အလေးထားလုပ်ဆောင်

**ပြည် နိုဝင်ဘာ ၃**

ဥပဒေရေးရာဝန်ကြီးဌာန ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်၏ ညွှန်ကြားချက်များကို ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က ထပ်ဆင့်ရှင်းလင်းဆွေးနွေးခြင်းကို ယမန်နေ့က ပြည်ခရိုင် ဥပဒေရုံး၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိ ၄၉ ဦး တက်ရောက်သည်။



အဆိုပါ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဥပဒေချုပ်က ဥပဒေရေးရာဝန်ကြီးဌာနကို အဘက်ဘက်မှ တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန မဟာဗျူဟာစီမံကိန်း (၂၀၂၀–၂၀၂၄)အရ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြစေ လိုကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်မှုကို အလေးထားလုပ်ဆောင်ကြစေလိုကြောင်း၊ ဥပဒေအရာရှိများ အကျင့်သိက္ခာ ပြည့်စုံပြီး အများပြည်သူလေးစား အားကိုးရသူများဖြစ်ရန် အရေးကြီးကြောင်း၊ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများ၊ ဟောပြောပွဲများကို အလေးထား လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ဥပဒေရုံးအဆင့်ဆင့်သည် သက်ဆိုင်ရာစီမံအုပ်ချုပ်ရေးအဖွဲ့များနှင့်ပေါင်းစပ်၍ ဒေသအေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ကူညီဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ဥပဒေဝန်ထမ်းများ၏ ကျန်းမာရေးနှင့် လုံခြုံရေးကို ဂရုပြုဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း အစရှိသည့် ဥပဒေရေးရာဝန်ကြီးဌာန ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်၏ ညွှန်ကြားချက်များကို ထပ်ဆင့်ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်များ၏ လုပ်ငန်းဆိုင်ရာ မှာကြားချက်များကိုလည်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

## မိုင်းခတ်မြို့နယ်၌ မွေးကင်းစမှအသက် နှစ်နှစ်အောက် ကလေးနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးထိုးနှံပေး

**မိုင်းခတ် နိုဝင်ဘာ ၃**


ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်တွင် မွေးကင်းစမှအသက် နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက မိုင်းခတ်မြို့နယ် မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ တိုက်ကျွေးထိုးနှံပေးကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက မိုင်းခတ်မြို့ပေါ်ရှိ ရပ်ကွက်နှင့်ကျေးရွာများရှိ မွေးကင်းစမှအသက် နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သော ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင်၊ (၅)မျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ဖြစ်စေတတ်သော (Rota) ကာကွယ်ဆေးကိုပါ တိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်–ဆုံဆို့နာကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို တိုက်ကျွေးထိုးနှံပေးလျက်ရှိကြောင်းသိရသည်။

**နန်းနွယ်နီ(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး



**နေပြည်တော် နိုဝင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရတနာပုံတက္ကသိုလ် (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပ

**အမရပူရ နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ် နေ့သင်တန်း၏ (၂၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်စီမံခန့်ခွဲရေး အဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ မော်ကွန်းထိန်း(စာမေးပွဲနှင့်ဘွဲ့နှင်းဌာန)၊ လ/ထ မော်ကွန်းထိန်း(အဝေးသင်-သင်တန်းဌာန)၊ ဖိတ်ကြားထားသူများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့၊ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ ဒီပလိုမာဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့များအတွက် အောင်မြင်ခဲ့ကြသည့် မောင်မယ်များအား ဘွဲ့လက်မှတ်များအပ်နှင်းပြီး ဘွဲ့နှင်းသဘင် မိန့်ခွန်းမြွက်ကြားသည်။

အဆိုပါ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အစမ်းလေ့ကျင့်ရက် အပါအဝင် နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ အပိုင်း လေး ပိုင်းခွဲပြီး တက်ရောက်ဘွဲ့ ၁၅၀၈ ဦး၊ အဝေးရောက်ဘွဲ့ ၉၅ ဦး စုစုပေါင်း ၁၆၀၃ ဦးကို ဘွဲ့အပ်နှင်းမည်ဖြစ်ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ပိတ်ပွဲ အခမ်းအနားတွင် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကြည့်ရှုလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၂၄ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ပိတ်ပွဲ အခမ်းအနားများတွင် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် အခြေခံပညာကျောင်းများမှ ကျောင်းသူများနှင့် ကြီးကြပ်သူ စုစုပေါင်း ၃၂၆ ဦးတို့သည် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကြည့်ရှုလေ့လာကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ Auditorium ခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "အားလုံးချစ်သည် MRTV" သီချင်းဖြင့် ကပြဖျော်ဖြေကြပြီး "နုပျိုဆန်းသစ် (၇၈) နှစ်မှသည် ပြည်သူ့အတွက် MRTV" Video Clip ဖြင့် ရှင်းလင်းပြသသည်။

**စုပေါင်းဖျော်ဖြေ**

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ်က နှုတ်ခွန်းဆက် ပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "လတ်တီး"သီချင်းဖြင့် စုပေါင်းဖျော်ဖြေရာ ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် MRTV News Channel Studio တွင် သတင်းထုတ်လွှင့်ရန် ရိုက်ကူးရေး ဆောင်ရွက်မှုနှင့် Virtual Studio တွင် NRC ရုပ်သံလိုင်းမှ တိုင်းရင်းသားဝန်ထမ်းများ၏ ကယားရိုးရာပုံပြင် သရုပ်ဖော်ရိုက်ကူးမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယို အစီအစဉ်တွင်



အသုံးပြုခဲ့သည့် ခေတ်ဟောင်း ဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများစသည့် စုစုပေါင်း ပြခန်း ၄၀ တွင် ခင်းကျင်းပြသထားမှုများလေ့လာကြပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခြင်း၊ ပြတိုက်ဆိုင်ရာ မှတ်သားဖွယ်ရာ အဖြေလွှာများ၌ ကျောင်းသူများ၏ ဖြည့်စွက်မှုများအား စိစစ်၍ ပြည့်စုံစွာ ဖြေဆိုနိုင်သူများအား အမှတ်တရ လက်ဆောင်ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါ လေ့လာရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။

**အသိပညာ၊ ဗဟုသုတရရှိနိုင်**

၂၀၂၄ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပမည်ဖြစ်ရာ နေပြည်တော်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသူ ၃၀၀ တို့က ပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် "လှပချစ်စရာတို့ ရွှေမြန်မာ "သီချင်းဖြင့်လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားတွင် "ရွှေပြည်တော်သို့ တို့အတူ" သီချင်းဖြင့်လည်းကောင်း အကအလှများဖြင့် ပါဝင်ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်၍ ကြိုတင်ပြင်ဆင်လေ့ကျင့်ချိန်ကာလတွင် အဆိုပါ ကျောင်းသူများ စိတ်အပန်းပြေစေရန်၊ ရွှင်လန်းတက်ကြွစေရန်နှင့် အသိပညာ၊ ဗဟုသုတရရှိနိုင်ရန် ရည်ရွယ်ပြီး ယခုကဲ့သို့ လေ့လာရေးခရီးစဉ်အား စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။


# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ကျင်းပမည်

**နေပြည်တော်  နိုဝင်ဘာ  ၃**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေးကို ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၃၊ ၄၊ ၅၊ ၆)ရက်၊(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်) တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် တန်ဆောင်မုန်းလပြည့်ကျော် (၇၊ ၈)ရက်၊(နိုဝင်ဘာလ ၂၂၊ ၂၃ ရက်) သောကြာ၊ စနေနေ့များတွင် အဋ္ဌာရသမအစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊(နိုဝင်ဘာ ၁၇ ရက်)၊ တနင်္ဂနွေနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# ဟိုပုံးမြို့နယ်၌ (စတုတ္ထအကြိမ်မြောက်) မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရ သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ တတိယနေ့တွင် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၂၀၀၀ ကျော် ဖြေဆို



**ဟိုပုံး  နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ နာဂပုရ သာသနာလင်္ကာရအသင်းမှ ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ(စတုတ္ထအကြိမ်မြောက်) နာဂပုရ သာသနာလင်္ကာရသာမဏေကျော်စာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဆက်လက်ဖြေဆိုလျက်ရှိရာ အလှူရှင်များကလည်း လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများလာရောက်လှူဒါန်းပေးလျက်ရှိပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါစာမေးပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်ကျောင်းပေါင်း ၂၃၅ ကျောင်းမှ ရဟန်း၊ သာမဏေ၊ သီလရှင်များက ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ဥပစာတန်းရဟန်း၊ သာမဏေ၊ သီလရှင် ၇၄ ပါး၊ မူလတန်းအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင်ပါး ၂၉၀၊ ပထမအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၁၃၅၃ ပါး၊ ဒုတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၄၇၄ ပါး၊ တတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၂၉၆ ပါး စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၂၄၈၇ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အဆိုပါစာမေးပွဲကို နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး စာအောင်သံဃာတော်များအား ဆွမ်းဆန်လောင်းလှူပွဲနှင့် ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းပွဲတို့ကို နိုဝင်ဘာ ၆ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အကြိမ်( ၄၀ )မြောက် မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်ခတ် ဆက်ကပ်ပူဇော်ပွဲကျင်းပရန် လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဗိုလ်တထောင် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အကြိမ်(၄၀)မြောက် မသိုးရွှေကြာသင်္ကန်းယှဉ်ပြိုင်ရက်ခတ်ပူဇော်ပွဲ အခမ်းအနားကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီက ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် အလှည့်ကျသဘာပတိ ဦးတင်ရှိန်၊ ဗိုလ်တထောင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်တို့က အမှာစကားပြောကြားပြီး ဗိုလ်တထောင်မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်၊ ဂေါပကအဖွဲ့ရုံး၊ ရုံးအဖွဲ့မှူး ဦးကျော်နိုင်ထွန်း၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်ခတ်ရန်ကိစ္စရပ်များ၊ ဆုချီးမြှင့်ခြင်းကိစ္စရပ်များ၊ စေတီတော်ပရိဝုဏ်အတွင်း သီတင်းသုံးတော်မူကြသည့် ဗုဒ္ဓရုပ်ပွားတော်များအား မသိုးရွှေကြာသင်္ကန်း ဆက်ကပ်ရန် ကိစ္စရပ်များ ဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြကာ အလှည့်ကျသဘာပတိမှ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ဝင်း**

# ညောင်တုန်းမြို့နယ်ရှိ ကျေးလက်လမ်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ညောင်တုန်း  နိုဝင်ဘာ  ၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ တိုင်းဒေသကြီး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းခင်းခြင်းလုပ်ငန်းကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းကြည့်ရှုရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(နေပြည်တော်) အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ လမ်းအရည်အသွေးထိန်းသိမ်းရေးအဖွဲ့တို့က အောင်မြေဦးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် မဲဇလီ-ညောင်ရွာ ကျေးရွာချင်းဆက် ကျောက်ချောခင်းခြင်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အမှတ်(၃)ရပ်ကွက် ရွှေဘိုတန်း-ဇီးငူလမ်း အမာခံကျောက်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ကျောင်းကုန်း  နိုဝင်ဘာ  ၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ရွှေဘိုတန်း - ဇီးငူလမ်း အမာခံကျောက်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)တံတားတည်ဆောက်ရေးအဖွဲ့မှ အင်ဂျင်နီယာချုပ်နှင့်အဖွဲ့သည် ယနေ့နေ့လယ်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။



၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဌာနမှဆောင်ရွက်သည့် အမှတ်(၃)ရပ်ကွက်၊ ရွှေဘိုတန်း-ဇီးငူလမ်း အမာခံကျောက်လမ်းခင်းခြင်း (၀/၃ ဒသမ ၄၈ မိုင် ၁၂ ပေ x ၆လက်မ)လုပ်ငန်းကို ရန်ပုံငွေ ၇၅ ဒသမ ၀၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး ကျေးရွာ ၁၅ ရွာ၊ အိမ်ခြေ ၂၄၈၁ အိမ်၊ လူဦးရေ၁၀၀၈၂ဦးအား အကျိုးပြုသောလမ်းဖြစ်သည်။

အဆိုပါ အမာခံကျောက်လမ်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ)ဦးကျော်ကျော်ထွေးက လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းသိန်း၊ ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကျော်သူမင်းနှင့် မြို့နယ်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး အရည်အသွေးပြည့်မီစွာဖြင့် လုပ်ငန်းအချိန်မီပြီးစီးစေရေး အလေးထားဆောင်ရွက်သွားရန်၊ လမ်းဘေးရေမြောင်းများကို စနစ်တကျ ထည့်သွင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိ

**နေပြည်တော်  နိုဝင်ဘာ ၃**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းဖြေ၏။

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲမှ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပဒေသာ

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ကျင်းပခဲ့ရာ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှုမြင်ကွင်းပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်။




**မယ်ဒလင် (အတီး)**

မယ်ဒလင်အတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ကောင်းချစ်ပိုင်စိုး "သည်ဆောင်းဟေမန်" (ဘွဲ့) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**နှဲ (အတီး)**

နှဲအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အံ့ထူးကိုကို "ထွေတလာ"(ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**မယ်ဒလင် (အတီး)**

မယ်ဒလင်အတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မရှင်မင်းအေး "ကုဏ္ဍလာအိုင်ဘွဲ့" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**တယော (အတီး)**

တယောအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆု ရရှိသည့် ကယားပြည်နယ်မှ မအင်နီးဆင့်စုစု "ရွှေပြည်ကြီးရော" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**အဆို**

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးအဆိုပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ထက်ကေရီလွင် "ဂီတရေစီးကြောင်း" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



**ဆိုင်း (အတီး)**

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅နှစ် အတွင်း)၌ ပထမဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မသွန်းရတီ (ခ) သွန်းသုသုနိုင် "ဘုံဆောင်မြင့်" (ကြိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**မယ်ဒလင် (အတီး)**

မယ်ဒလင်အတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်သုထက်အောင် "မြမန်းဂီရိ" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



**ဆိုင်း (အတီး)**

ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မနွေးနွေးထက် "လျှပ်ပန်းခွေနွဲ့" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**ပလွေ (အတီး)**

ပလွေအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ဟိန်းဝေဇော် "ဇေယျာမြို့" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**မယ်ဒလင် (အတီး)**

မယ်ဒလင်အတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မရွှန်းလဲ့မေ "မင်္ဂလာဆယ့်နှစ်ပါး" (ကာလပေါ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**တယော (အတီး)**

တယောအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ထူးပြည့်စုံလွင် "ရွှေပြည်ကြီးရော" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**ပလွေ (အတီး)**

ပလွေအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ဖုန်းခန့် "လှဲ့လှဲ့စိမ်းရောင်" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**တယော (အတီး)**

တယောအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပူးတွဲပထမဆုရရှိသည့် ကယားပြည်နယ်မှ မမေသန္တာဝင်း"မုန်ရဝေ" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဝိုင်းဝန်းတိုက်ဖျက်ကြပါစို့

အလင်းရောင် (ထွန်း)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ရသင့်ရထိုက်သော အကောက်ခွန်နှင့် အခွန်အခများ ဆုံးရှုံးမှုမရှိစေရေး၊ ပြည်တွင်း တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်မှု၊ ကုန်ရောင်းကုန်ဝယ် ကုန်သွယ်မှုလုပ်ငန်းများကို လုပ်ကိုင်ရာတွင် လွတ်လပ်စွာ ယှဉ်ပြိုင် လုပ်ကိုင်နိုင်စေရေးနှင့် စားသုံးသူပြည်သူများအတွက် အာမခံချက်ရှိသော လုံခြုံဘေးကင်း စိတ်ချရသည့် ကုန်ပစ္စည်းများကို သုံးစွဲခွင့် ရရှိနိုင်ရန်တို့အတွက် တရားမဝင်ကုန်သွယ်မှုများ လုံးဝပပျောက်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါသည်။

**“ တရားမဝင်ကုန်သွယ်မှုကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် “ နိုင်ငံတကာ ဥပဒေများအရ သတ်မှတ်ထားသည့် တရားမဝင်ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံရရှိခြင်း၊ လက်ဝယ်ထားရှိခြင်း (သို့မဟုတ်) ဖြန့်ဖြူးခြင်းနှင့် အဆိုပါဆောင်ရွက်ချက်များကို အားပေးရန် ရည်ရွယ်သည့် မည်သည့်လုပ်ဆောင်မှုကိုမဆို တရားမဝင်ကုန်သွယ်မှု”ဟု ဖွင့်ဆိုထား ”**

တရားမဝင်ကုန်သွယ်မှုဆိုသည်မှာ

World Trade Organization (WTO) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးက တရားမဝင်ကုန်သွယ်မှုကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် “ **နိုင်ငံတကာ ဥပဒေများအရ သတ်မှတ်ထားသည့် တရားမဝင်ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံရရှိခြင်း၊ လက်ဝယ်ထားရှိခြင်း (သို့မဟုတ်) ဖြန့်ဖြူးခြင်းနှင့် အဆိုပါဆောင်ရွက်ချက်များကို အားပေးရန် ရည်ရွယ်သည့် မည်သည့်လုပ်ဆောင်မှုကိုမဆို တရားမဝင်ကုန်သွယ်မှု**”ဟု ဖွင့်ဆိုထားပါသည်။

ကမ္ဘာ့နိုင်ငံများရှိ အစိုးရများအနေဖြင့်လည်း မက်ခရို စီးပွားရေးတည်ငြိမ်မှုကို ခြိမ်းခြောက်လာသည့် တရားမဝင်ကုန်သွယ်မှုများကို လုံးဝပပျောက်အောင် တိုက်ဖျက်နိုင်ရန် နည်းလမ်းမျိုးစုံဖြင့် အထူးအာရုံစိုက်ဆောင်ရွက်လာကြသည်ကို လေ့လာတွေ့ရှိရပါသည်။ မည်သည့်နိုင်ငံတွင်မဆို နိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူပြည်သူတို့က အဓိကနေရာမှ ပါဝင်လျက်ရှိပါသည်။

**တရားမဝင်ကုန်သွယ်မှုများကို စနစ်တကျ တားဆီးအရေးယူဆောင်ရွက်ရန်**

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရာတွင် နိုင်ငံအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSMEs) လုပ်ငန်းများနှင့် စက်မှုဇုန်များက သွင်းကုန်အစားထိုးထုတ်ကုန်များ ပိုမိုထုတ်လုပ်ရန်၊ နိုင်ငံ့ဝင်ငွေနှင့် သုံးစွဲငွေမျှတရန်အတွက် ပို့ကုန်တင်ပို့မှု ပိုမိုအားကောင်းလာစေရန်နှင့် ကုန်ကြမ်းပစ္စည်းများ တင်ပို့ခြင်းထက် စက်မှုထွက်ကုန် တစ်နည်းအားဖြင့် Supply Chain မှ Value Added ကုန်ချောပစ္စည်းများ (တန်ဖိုးမြှင့်ထုတ်ကုန်များ) တင်ပို့ခြင်းဖြင့် နိုင်ငံ့ဝင်ငွေ ပိုမိုတိုးတက်ရရှိရေး ဆောင်ရွက်လျက်ရှိပါသည်။

ဖွံ့ဖြိုးပြီး ပြည်ပနိုင်ငံများတွင် စက်မှုထုတ်ကုန်ချောပစ္စည်းများကို ဈေးကွက်လိုအပ်ချက်နှင့်အညီ အမြောက်အမြား ထုတ်လုပ်သည့်အတွက် ပစ္စည်းတစ်ခုချင်း၏ ကုန်ကျမှုတန်ဖိုးအနေဖြင့် ပိုမိုသက်သာမှုရှိသည်ကို တွေ့ရှိရပြီး မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းစက်မှုလုပ်ငန်း ထုတ်ကုန်ချောပစ္စည်းများထုတ်လုပ်ရာတွင် အရည်အသွေးမြှင့် ထုတ်လုပ်နိုင်မှု အားနည်းချက်၊ အရေအတွက် အမြောက်အမြားထုတ်လုပ်နိုင်မှု ကန့်သတ်ချက်များ ရှိခဲ့ပါက ပစ္စည်းတစ်ခုချင်း၏ ကုန်ကျစရိတ်တန်ဖိုးအနေဖြင့် ဈေးနှုန်းကြီးမြင့်ပြီး ပြည်ပမှ တရားမဝင် တင်သွင်းလာမှုများကို ယှဉ်ပြိုင်နိုင်စွမ်းမရှိဘဲ စက်မှုဇုန်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSMEs) လုပ်ငန်းများ၏ ကုန်ထုတ်လုပ်ငန်းများအတွက် ထိခိုက်နစ်နာမှုများ ရှိလာနိုင်ပေသည်။

ထို့ကြောင့် ပြည်တွင်းထုတ်လုပ်ကုန်ချောပစ္စည်းများကို ပြည်တွင်းသုံးအတွက်သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် အရည်အသွေးတိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပမှ တရားမဝင် ကုန်ချောပစ္စည်းများ တင်သွင်းလာမှုကိုလည်း စနစ်တကျ တားဆီးစစ်ဆေးအရေးယူ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ရန်**

**တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံအတွက်ရရှိမည့် အခွန်အခများ ဆုံးရှုံးခြင်း၊ ကုန်သွယ်မှုဆိုင်ရာ စာရင်းဇယားကိန်းဂဏန်း အချက်အလက်များ မှားယွင်းနိုင်ပြီး ဆုံးဖြတ်ချက်များ မှားယွင်းနိုင်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာစနစ်နှင့် ငွေကြေးစီးဆင်းမှုစနစ် ထိခိုက်စေနိုင်ပြီး နိုင်ငံခြားငွေကြေးဈေးနှုန်း မတည်ငြိမ်မှုဖြစ်ပေါ်နိုင်ခြင်း၊ တရားမဝင် တင်သွင်းလာသည့် ကုန်စည်များကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်မှုများ ဈေးကွက်ယှဉ်ပြိုင်နိုင်မှု ကျဆင်းလာနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လျော့နည်းကျဆင်းစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးနိုင်ခြင်း၊ တရားမဝင် တင်သွင်းလာသည့် ဆေးနှင့်ဆေးပစ္စည်းများ၊ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများတွင် အတုအပများ၊ သက်တမ်းလွန် ကုန်စည်များကြောင့်** သုံးစွဲသူပြည်သူများ ထိခိုက်နစ်နာမှု ဖြစ်ပေါ်နိုင်ခြင်း စသည့် ဆိုးကျိုးများအပြင် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုတို့ကို ထိခိုက်ကျဆင်းမှုများ ဖြစ်ပေါ်စေခြင်းကြောင့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် မိမိတို့အားလုံးက “အမျိုးသားရေးတာဝန်” တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များနှင့် အကောက်ခွန်ဦးစီးဌာနတို့အနေဖြင့်လည်း တရားမဝင်ကုန်သွယ်မှုများကို ချမှတ်ထားသော မဟာဗျူဟာ၊ နည်းဗျူဟာများနှင့်အညီ ထိရောက်စွာ တားဆီးစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

**သတင်းအချက်ရယူရေး၏ အရေးကြီးသော အခန်းကဏ္ဍ**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရာတွင် သတင်းအချက်အလက်ရရှိရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ သာဓကများအနေဖြင့် သတင်းပေးတိုင်ကြားချက်အရ တိုင်းဒေသကြီး၊ ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များက သဘာဝသယံဇာတများ တရားမဝင်တူးဖော်၍ သယ်ယူပို့ဆောင်ရောင်းဝယ်မှုများကို ဖမ်းဆီးအရေးယူနိုင်ခဲ့ခြင်း၊ သတင်းပေးတိုင်ကြားချက်အရ အကောက်ခွန်ဦးစီးဌာနက ပြည်ပနိုင်ငံမှ ဝင်ရောက်လာသည့် လေယာဉ်တွင် လိုက်ပါလာသည့် ခရီးသည်များကို စောင့်ကြည့်စိစစ်ရှာဖွေခဲ့ရာ ရွှေ၊ ငွေ၊ လက်ဝတ်ရတနာပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ၊ အဖိုးတန်လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိခဲ့သည်။

ဤကဲ့သို့ သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိခဲ့သည့်အတွက် နိုင်ငံတော်မှ တာဝန်သိသတင်းပေးသူများကိုထိုက်သင့်သော ဆုကြေးငွေများ မြန်မြန်ဆန်ဆန် ချီးမြှင့်ပေးခဲ့ပြီး သတင်းကွန်ရက်တည်ဆောက်ထားရန်နှင့် ရရှိလာသည့် သတင်းများကို အကျိုးရှိစွာ အသုံးချတားဆီးစစ်ဆေးအရေးယူကြရန် ဖြစ်ပါသည်။

ပြည်တွင်းရှိ သက်ဆိုင်ရာဌာနဆိုင်ရာ အချင်းချင်း သတင်းဖလှယ်ပြီး ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းများသာမက အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ (INTERPOL)ကဲ့သို့သော ပြည်ပရှိ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် တရားမဝင်ဆေးဝါးများ၊ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများ ပိုမိုလုပ်ဆောင်နိုင်ခဲ့ပါသည်။

တရားမဝင်ကုန်သွယ်မှုလျော့နည်းပပျောက်စေရေးအတွက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို တာဝန်ရှိသက်ဆိုင်ရာဌာနအဖွဲ့အစည်းများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြသကဲ့သို့ တာဝန်သိအများပြည်သူများအနေဖြင့်လည်း မိမိတို့ရရှိသော သတင်းအချက်အလက်များကို သက်ဆိုင်ရာသို့ သတင်းပေးတိုင်ကြားခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

**❖ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံအတွက်ရရှိမည့် အခွန်အခများဆုံးရှုံးခြင်း၊ ကုန်သွယ်မှုဆိုင်ရာစာရင်းဇယားကိန်းဂဏန်းအချက်အလက်များ မှားယွင်းနိုင်ပြီး ဆုံးဖြတ်ချက်များ မှားယွင်းနိုင်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာစနစ်နှင့် ငွေကြေးစီးဆင်းမှုစနစ် ထိခိုက်စေနိုင်ပြီး နိုင်ငံခြားငွေကြေးဈေးနှုန်း မတည်ငြိမ်မှုဖြစ်ပေါ်နိုင်ခြင်း၊ တရားမဝင် တင်သွင်းလာသည့် ကုန်စည်များကြောင့် ပြည်တွင်းကုန်စည်ထုတ်လုပ်မှုများ ဈေးကွက်ယှဉ်ပြိုင်နိုင်မှု ကျဆင်းလာနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လျော့နည်းကျဆင်းစေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးနိုင်ခြင်း၊ တရားမဝင် တင်သွင်းလာသည့် ဆေးနှင့်ဆေးပစ္စည်းများ၊ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများတွင် အတုအပများ၊ သက်တမ်းလွန်ကုန်စည်များကြောင့် သုံးစွဲသူပြည်သူများ ထိခိုက်နစ်နာမှုဖြစ်ပေါ်နိုင်ခြင်း စသည့်ဆိုးကျိုးများအပြင် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုတို့ကို ထိခိုက်ကျဆင်းမှုများ ဖြစ်ပေါ်စေခြင်းကြောင့် တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် မိမိတို့အားလုံးက “အမျိုးသားရေးတာဝန်” တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်ကြရမည်**

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူ ဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့် ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည် ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘော ဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိ သော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက် မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထား သူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာ ရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင် ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှရွှေ့ဆိုင်းခွင့် ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်း ပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်း ပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ ဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ် ခြင်း။

# ရန်ကုန်တက္ကသိုလ်တွင် ပထဝီဝင်ဘာသာရပ်စတင်သင်ကြားခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆရာမကြီး ဒေါက်တာဒေါ်သင်းကြည် ရုပ်တုဖွင့်

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တက္ကသိုလ်တွင် ပထဝီဝင်ဘာသာရပ်စတင် သင်ကြားခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆရာမကြီး ဒေါက်တာဒေါ်သင်းကြည် ရုပ်တုဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာန စာကြည့်တိုက်၌ ကျင်းပရာ ပါမောက္ခ/ဌာနမှူး(ငြိမ်း)ဆရာကြီး ဆရာမ ကြီးများက ရုပ်တုကို ဖွင့်လှစ်ပေးသည်။

ဆရာမကြီးသည် ၁၉၅၁ ခုနှစ် ဇွန် ၁၉ ရက်မှ စတင်၍ ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာန၏ ပါမောက္ခအဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ၌ တက်ကြွစွာပါဝင် ခဲ့ပြီး နိုင်ငံအကျိုးကို ထူးခြားပြောင်မြောက်စွာ တာဝန်ထမ်းဆောင်ခဲ့မှုများကြောင့် ၁၉၈၀ ပြည့်နှစ် တွင် နိုင်ငံတော်မှ **"နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့်"** ကို ချီးမြှင့်ခြင်းခံရသည်။ ၁၉၇၇ ခုနှစ် ဇွန်လတွင် သက်ပြည့်အငြိမ်းစားယူခဲ့သည်။ ၁၉၉၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်တွင် ကွယ်လွန်ခဲ့သည်။

ဆရာမကြီးသည် မြန်မာနိုင်ငံ ပထဝီဝင် ဘာသာရပ် သင်ရိုးညွှန်းတမ်းများကို ပြုစုပျိုးထောင် ပေးခဲ့သူ၊ တိုင်းကျိုးပြည်ပြု သုတေသနပေါင်းများစွာ ဆောင်ရွက်ခဲ့သူ၊ မြန်မာနိုင်ငံ ပထဝီဝင်ဘာသာရပ်၏ မိခင်ကြီးဟု ခေါ်ဆိုထိုက်သူဖြစ်သည်။

ကြေးရုပ်တု၏အရွယ်အစားမှာ ပခုံးအကျယ် လက်မ ၄၀၊ အမြင့် ၄၁ လက်မ၊ အနံ ၁၈ ဒသမ ၂ လက်မရှိသည်။ ရုပ်တုကို ဒေါက်တာမြင့်စံ၊ အငြိမ်းစား ပါမောက္ခ (ပန်းပု)၊ ယဉ်ကျေးမှုတက္ကသိုလ်မှ တာဝန် ယူထုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပထဝီဝင်ဘာသာရပ်သင်ကြားခြင်း နှစ်(၁၀၀) ပြည့်အထိမ်းအမှတ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဝိဇ္ဇာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရ သည်။

**အာကာလင်း**



# သာပေါင်းမြို့နယ်၌ ပလတ်စတစ်အိတ် သုံးစွဲမှုမရှိစေရေး အသိပညာပေး

**သာပေါင်း နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်း မြို့နယ် စည်ပင်သာယာရေးကော်မတီ အဖွဲ့မှ ပြည်သူများ ကြွပ်ကြွပ်အိတ်၊ တစ်ခါသုံးပလတ်စတစ်အိတ်များ လျှော့ နည်းသုံးစွဲစေရေးအတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ် သုံးစွဲမှုမရှိစေရေးနှင့် အစားထိုးသုံးစွဲ လိုက်နာဆောင်ရွက်မှုရှိစေရေး အသိ ပညာပေး ကြပ်မတ်စစ်ဆေးခြင်းတို့ကို ယနေ့ နံနက် ၇ နာရီက မြို့နယ်စည်ပင် သာယာရေးအဖွဲ့ပိုင် သီရိရွှေသာဈေး အတွင်း၊ အပြင်တွင် ဆောင်ရွက်ကြ သည်။

ထိုသို့ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်များ မသုံးစွဲရေး အသိပေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှူးဆောင်အရာရှိ ဦးအောင်စိုးနှင့်ဝန်ထမ်း များက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပိုင် သီရိရွှေသာဈေးရှိ ဈေးရောင်းချသူများ အနေဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောဖက်၊ သတင်းစာစက္ကူ တို့ဖြင့် အစားထိုးထုတ်ပိုးသုံးစွဲစေရေး အတွက် ပြည်သူများအား ကျယ်ကျယ် ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် အသိပေး ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ လက်ကိုင် စပီကာများနှင့် ပြည်သူများ ပါဝင်ဆောင် ရွက်ပေးနိုင်ရေး အသိပညာပေးနှိုးဆော် လျက်ရှိရာ ပြည်သူများမှ ပူးပေါင်းပါဝင် လိုက်နာ ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**သာပေါင်း (ပြန်/ဆက်)**

# ရာဂီမုန်တိုင်းကြောင့် မိုင်းဆတ်မြို့နယ်ရှိ ပြည်သူများ၏ နေအိမ်ပျက်စီးမှုအတွက် ထောက်ပံ့ငွေများပေးအပ်

**မိုင်းဆတ် နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းဆတ်-တာချီလိတ်လမ်းပေါ်ရှိ တံတားအမှတ် (၁/၂) ဆိုက်ခေါင်တံတား (နမ့်ခုတ်ချောင်းတံတား) ၃၂၈ ပေ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသဖြင့် ယာယီသံပေါင်ဘေလီတံတား ဆောင်ရွက်နေမှု အခြေနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တံတားဦးစီးဌာန(ရုံးချုပ်) အင်ဂျင်နီယာချုပ် ဦးဇော်လင်းမြတ်၊ တိုင်းတာဝန်ခံမှ ဘေလီတံတားနှင့် ပတ်သက်၍ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်က တံတားကို စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးရန်နှင့် အချိန်မီပြီးစီးနိုင်ရေး ဖြည့်စွက်မှာကြားသည်။ အဆိုပါ မိုင်းဆတ်မြို့ နမ့်ခုတ်ငြိမ်းချမ်းရေးတံတား(ဆိုက်ခေါင်) ယာယီဘေလီတံတား ဆောင်ရွက်နေမှုသည် နိုဝင်ဘာလဒုတိယပတ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိုင်းဆတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ရာဂီမုန်တိုင်းကြောင့် မိုင်းဆတ်မြို့နယ်ရှိ ပြည်သူများ၏ နေအိမ်ပျက်စီးမှုအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသောလမ်းများကို လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်ရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကလည်း ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ သစ်တောများပြုန်းတီးပါက သဘာဝဘေးများ ဖြစ်ပေါ်လာနိုင်သောကြောင့် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးရန် လိုအပ်ကြောင်း၊ သဘာဝဘေးဒဏ်သည် မည်သူမျှ ကြုံတွေ့လိုခြင်းမရှိသောကြောင့် ရေတို၊ ရေရှည် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဌာနဆိုင်ရာများအနေဖြင့် ဆောင်ရွက်ခြင်းသာမဟုတ်ဘဲ ပြည်သူများပါဝင်၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ယင်းနောက် မိုင်းဆတ်ခရိုင် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက ရာဂီမုန်တိုင်းကြောင့် မိုင်းဆတ်မြို့နယ်အတွင်း ပျက်စီးမှုများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ပြည်သူများ၏ နေအိမ်ပျက်စီးမှုများအတွက် ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ လွယ်ဆောင်ကျေးရွာအုပ်စု၊ မိုင်းယွန်းကျေးရွာအုပ်စု၊ ပိန်းခမ်းကျေးရွာအုပ်စုမှ ကိုယ်စားလှယ်များနှင့် မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ရေဘေးသင့်ပြည်သူများကိုယ်စား၊ ကိုယ်စားလှယ်အသီးသီးတို့က လက်ခံရယူကြကြောင်း သိရသည်။

အဆိုပါ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော မိုင်းဆတ်မြို့နယ်၌ နေအိမ်ရေထဲမျောပါ၊ ပြိုကျပျက်စီး ၇၇ လုံး၊ နေအိမ် တစ်စိတ်တစ်ပိုင်းပျက်စီး အလုံး ၅၀ အတွက် ငွေကျပ် ၂၆၈၄ သိန်းငါးသောင်းနှင့် မိုင်းတုံမြို့နယ်၌ နေအိမ်ရေထဲမျောပါ၊ ပြိုကျပျက်စီး လေးလုံး၊ နေအိမ်တစ်စိတ်တစ်ပိုင်းပျက်စီး ခြောက်လုံးအတွက် ငွေကျပ် ၁၉၉ သိန်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## ဟိုနားကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်နေမှု တာဝန်ရှိသူများစစ်ဆေး

**တန့်ယန်း နိုဝင်ဘာ ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာကေမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဟိုနားကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်လွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ဟိုနားကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ မြေသား နှစ်ပေ၊ သဲမြန်းထုကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၆၀၀ ကို အကုန်ကျခံကာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ယခုနှစ် ဇူလိုင်လ စတုတ္ထအပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး၏ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

၂၂၂

## တီးတိန်မြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အကြို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တီးတိန် နိုဝင်ဘာ ၃**

ချင်းပြည်နယ် တီးတိန်မြို့၌ နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အကြို လှုပ်ရှားမှုအဖြစ် ယမန်နေ့က တီးတိန်မြို့ စကောလမ်းရပ်ကွက် ကမ်းဟောက်လမ်းမှ လွတ်လပ်ရေးကျောက်တိုင်ကွင်းသွားလမ်းတစ်လျှောက်နှင့် ကျောက်တိုင်ကွင်းအနီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

စုပေါင်းသန့်ရှင်းရေးကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝင်းသန်းတို့က ဦးဆောင်ပြီး ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြောင်း သိရသည်။

**မိုးမိုး**



## ပုဗ္ဗသီရိမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

နေပြည်တော် ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်ပညာရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁ ရက်က ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ဇေယျာသီရိခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောနိုင်က အမှာစကားပြောကြားပြီး နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက (၂၁) ရာစု ကျွန်ုပ်တို့၏ ကမ္ဘာမြေအခြေအနေ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ၊ ပလတ်စတစ် ညစ်ညမ်းမှုတိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်း ဆောင်ရွက်စို့၊ တစ်ခါသုံး ပလတ်စတစ်အကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာသည့် ကြွပ်ကြွပ်အိတ်အကြောင်း၊ တစ်ခါသုံး ပလတ်စတစ်၏ဆိုးကျိုးများ၊ ပလတ်စတစ်အသုံးပြုမှုနှင့် ပတ်သက်၍ လိုက်နာ ဆောင်ရွက်သင့်သည့် နည်းလမ်းငါးသွယ်နှင့် သုံးစွဲမှုလျော့ကျသွားအောင် ဆောင်ရွက်ရမည့် နည်းလမ်းများအကြောင်းကို ရှင်းလင်းဟောပြောသည်။

ထို့နောက် နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ တာဝန်ရှိသူများက တက်ရောက် လာသူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဗီဒီယိုကလစ်ပြသပြီး ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်အား ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

**သန်းသန်းနွယ်(ပုဗ္ဗ)**

ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ပါ

## မိုင်းဖြတ်မြို့နယ်၌ (၃၃)ကြိမ်မြောက် တစ်ဆုပ်ဆန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**မိုင်းဖြတ် နိုဝင်ဘာ ၃**

မိုင်းဖြတ်မြို့နယ်၌ လစဉ် တစ်ဆုပ်ဆန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းလျက်ရှိရာ (၃၃)ကြိမ်မြောက် ဆက်ကပ်လှူဒါန်းခြင်းကို နိုဝင်ဘာ ၂ ရက်က နမ့်လောက်ကျေးရွာအုပ်စု ဆုတောင်းပြည့်ခတ်စွမ်တောက် ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမာဓမ္မထံ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များက ဆွမ်းဆန် ၂၄ ပြည်ပါ ခုနစ်အိတ်၊ စားဆီ ၁၀ ပိဿာနှင့် နဝကမ္မအလှူငွေကျပ် ၁၀၅၀၀၀ တို့အား ဆက်ကပ်လှူဒါန်းခဲ့ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဗြိတိန်နိုင်ငံ၏ ကွန်ဆာဗေးတစ်ပါတီက လူမည်းအမျိုးသမီးကို ခေါင်းဆောင်အဖြစ် ပထမဆုံးအကြိမ် ရွေးချယ်


ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင်သစ် ကီမီဘေဒင်နော့ချ်

**လန်ဒန် နိုဝင်ဘာ ၃**

ဗြိတိန်နိုင်ငံ၏ အကြီးဆုံးအတိုက်ခံပါတီဖြစ်သည့် ကွန်ဆာဗေးတစ်ပါတီက ကီမီဘေဒင်နော့ချ်ကို ပါတီခေါင်းဆောင်အဖြစ် ရွေးချယ်ခဲ့သည်။

၎င်းသည် ဗြိတိန်နိုင်ငံ၏ အဓိကနိုင်ငံရေးပါတီကြီးကို ဦးဆောင်မည့် ပထမဆုံးလူမည်းအမျိုးသမီးဖြစ်သည်။ ယခင်ဝန်ကြီးချုပ်ဟောင်းရစ်ရှီဆူနက်၏နေရာတွင်ဆက်ခံမည့် ပါတီခေါင်းဆောင်သစ်ကို မဲပေးရွေးချယ်ခဲ့ပြီးနောက် ရလဒ်ကို နိုဝင်ဘာ ၂ ရက်က ကြေညာခဲ့သည်။ စီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဟောင်းဖြစ်သူ ကီမီဘေဒင်နော့ချ်သည် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဟောင်းကို အနိုင်ယူနိုင်ခဲ့သည်။ ပါတီနှင့်နိုင်ငံတော်အတွက် ထိုက်တန်သည့် စတင်မှုအသစ်များပေးရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

ကွန်ဆာဗေးတစ်ပါတီသည် ဇူလိုင်လအတွင်းက ရွေးကောက်ပွဲတွင် အကြီးအကျယ်ရှုံးနိမ့်ခဲ့ပြီး ၁၄ နှစ်အတွင်း ပထမဆုံးအကြိမ် အာဏာမှ ဖယ်ခွာခဲ့ရသည်။ အသက် ၄၄ နှစ်ရှိပြီဖြစ်သော ကီမီဘေဒင်နော့ချ်သည် ဗြိတိန်နိုင်ငံ၌ နိုင်ဂျီးရီးယားမိဘနှစ်ပါးမှ မွေးဖွားလာသူဖြစ်ပြီး အသက် ၁၆ နှစ်မတိုင်မီအထိ နိုင်ဂျီးရီးယားနိုင်ငံ၌ပင် ကြီးပြင်းခဲ့သည်။ ၎င်း၏လက်ယာယိမ်းသဘောထားနှင့် ရွှေ့ပြောင်းနေထိုင်သူများကို လက်ခံရာတွင် သတိထားလုပ်ဆောင်သည့် သဘောထားများကြောင့် လူသိများကျော်ကြားသည်။

ဝန်ကြီးချုပ်ကီရာစတာမားကလည်း ၎င်းကို ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။ ဗြိတိန်ပြည်သူလူထု၏ အကျိုးစီးပွားအတွက် အတူတကွ လက်တွဲလုပ်ဆောင်ရန် မျှော်လင့်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်က ပြောသည်။ **အင်န်အိတ်ချ်ကေ**

## သီရိလင်္ကာ၌ ယခုနှစ်အတွင်း ယာဉ်မတော်တဆမှုများကြောင့် သေဆုံးသူ ၂၀၀၀ ခန့်ရှိ

**ကိုလံဘို နိုဝင်ဘာ ၃**

ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ ယာဉ်မတော်တဆမှုများကြောင့် သီရိလင်္ကာ နိုင်ငံသား ၂၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ နီဟာသာဒူဝါက နိုဝင်ဘာ ၂ ရက်တွင် သတင်းထောက်များအား ပြောကြားသည်။

ထိုကာလအတွင်း ယာဉ်တိုက်မှုပေါင်း ၁၈၁၈ မှု ဖြစ်ပွားခဲ့ပြီး နိုင်ငံတစ်ဝန်း လူပေါင်း ၁၈၉၈ ဦး သေဆုံးခဲ့ကြောင်း သာဒူဝါက အစီရင်ခံစာတွင် ဖော်ပြထားသည်။ သေဆုံးသူများအနက် ၆၇၆ ဦးသည် လမ်းသွားလမ်းလာများဖြစ်ကြောင်း ၎င်းအစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

သီရိလင်္ကာတွင် မော်တော်ယာဉ် မတော်တဆမှု အဖြစ်များသည့်နိုင်ငံတစ်ခုဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၂၂၀၀ ဖြစ်ပွားကာ သေဆုံးသူ ၂၅၅၇ ဦးရှိခဲ့သည်။ **ဆင်ဟွာ**

## စပိန်နိုင်ငံအရှေ့ပိုင်း၌ ရေကြီးမှုကြောင့် သေဆုံးသူ ၂၁၁ ဦးရှိ

**မက်ဒရစ် နိုဝင်ဘာ ၃**

စပိန်နိုင်ငံအရှေ့ပိုင်း၌ ကြောက်မက်ဖွယ်ရေကြီးမှုကြောင့် သေဆုံးသူဦးရေမှာ ၂၁၁ ဦးရှိသည်ဟု စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်ချက်ဇ်က ပြောသည်။

ကယ်ဆယ်ရေးနှင့်ရှာဖွေရေးလုပ်ငန်းများကို အာဏာပိုင်များက ဆက်လက်လုပ်ဆောင်နေကြဆဲဖြစ်သည်။ အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျောက်ဆုံးနေသူများကို ရှာဖွေရေးအရှိန်မြှင့်လုပ်ဆောင်မည်ဟု စပိန်ဝန်ကြီးချုပ်က နိုဝင်ဘာ ၂ ရက်တွင် ရုပ်မြင်သံကြားမိန့်ခွန်း၌ ပြောကြားခဲ့သည်။ စပိန်တပ်ဖွဲ့နှင့်ရဲတပ်ဖွဲ့တို့အပါအဝင် လူပေါင်း ၁၀၀၀၀ ကို ကယ်ဆယ်ရေးများလုပ်ဆောင်ရန် တပ်ဖြန့်ချထားကြောင်း ၎င်းကပြောသည်။

ဗလင်စီယာနှင့် အခြားသောဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုကြီးကြီးမားမား ဖြစ်ပေါ်ခဲ့သည်။ မော်တော်ယာဉ်အများအပြားနှင့် တံတားအချို့ ရေစီးနှင့်အတူမျောပါပျက်စီးခဲ့ရသည်။ ဗလင်စီယာပြည်နယ်ရှိ ပိုင်ပို့တာမြို့၌ လူပေါင်း ၆၀ ကျော် သေဆုံးခဲ့သည်။ အဆိုပါမြို့၌ ရွှံ့ရေများ၊ အပျက်အစီးများ၊ မြေကြီးများနှင့် သဲများဖုံးလွှမ်းလျက်ရှိပြီး ကားအများအပြား ရွှံ့ထဲတွင် နစ်မြုပ်နေသည်။

### လျှပ်စစ်မီးပြတ်တောက်

ရေကြီးနစ်မြုပ်မှုဒဏ်ခံရသည့် နေရာအများစုမှာ လျှပ်စစ်မီးပြတ်တောက်လျက်ရှိသည်။ နေရာအများအပြားတွင် ရထားလမ်းနှင့် လမ်းကွန်ရက်များ ပြတ်တောက်နေဆဲဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ငွေကြေးဖောင်းပွမှုအကျပ်အတည်း၏အဆိုးရွားဆုံးအခြေအနေ ပြီးဆုံးပြီဟု ဩစတြေးလျဝန်ကြီးချုပ် ပြောကြား

**ကင်ဘာရာ နိုဝင်ဘာ ၃**

ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်လ်ဘာနီးစ်က နိုင်ငံ၏ ငွေကြေးဖောင်းပွမှု အဆိုးရွားဆုံးအခြေအနေ ပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။



ဩစတြေးလျတောင်ပိုင်း၌ နိုဝင်ဘာ ၃ ရက်က ကျင်းပသည့် အခမ်းအနားတစ်ခုတွင် ဩစတြေးလျနိုင်ငံသားများ ငွေကြေးဖောင်းပွမှုနှုန်းသည် သုံးနှစ်ကျော်ကာလအတွင်း အနိမ့်ဆုံးအခြေအနေသို့ ပြန်လည်ရရှိပြီဖြစ်ကြောင်း အယ်လ်ဘာနီးစ်က ပြောကြားသည်။

ဩစတြေးလျနိုင်ငံ စာရင်းအင်းဗျူရိုမှ အောက်တိုဘာနောက်ဆုံးပတ်က ထုတ်ပြန်သည့် တရားဝင်ကိန်းဂဏန်းများအရ ဩစတြေးလျတွင် စားသုံးသူဈေးနှုန်းအညွှန်းကိန်း (စီပီအိုင်) သည် ၂၀၂၄ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ တတိယသုံးလပတ်တွင် ၁ ဒသမ ၂ သာမြင့်တက်ခဲ့ကြောင်း ဖော်ပြသည်။ ယင်းသည် ၂၀၂၀ ပြည့်နှစ် ဇွန်လနောက်ပိုင်း အနိမ့်ဆုံးမြင့်တက်မှုနှုန်းဖြစ်သည်။ မိမိတို့အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းကို အတူတကွ ရင်ဆိုင်ခဲ့ကြပြီး ဩစတြေးလျနည်းလမ်းအတိုင်း ဖြေရှင်းနိုင်ခဲ့ပြီဖြစ်ကြောင်း အယ်လ်ဘားနီးစ်က ဆိုသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ဩစတြေးလျ၏ နှစ်စဉ်ငွေကြေးဖောင်းပွမှု နှုန်းသည် ၃၂ နှစ်တာကာလအတွင်း ၇ ဒသမ ၈ ရာခိုင်နှုန်းအထိ အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ **ဆင်ဟွာ**

## အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့အကြား အပြန်အလှန်ပစ်ခတ်မှုများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် အပစ်အခတ်ရပ်စဲရေး မျှော်လင့်ချက် မရေမရာဖြစ်လာ

**ဂျေရုဆလင် နိုဝင်ဘာ ၃**

အစ္စရေးနှင့် လက်ဘနွန်အခြေစိုက် ရှီးယိုက်မွတ်စလင်အဖွဲ့ ဟစ်ဇ်ဘိုလာတို့အကြား တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများ ဆက်လက် လုပ်ဆောင်လျက်ရှိသည့်အတွက် အပစ်အခတ်ရပ်စဲရေး မျှော်လင့်ချက်မှာ မရေမရာ ဖြစ်ပွားလျက်ရှိသည်။

လက်နက် ထုတ်လုပ်ရေး အဆောက်အအုံများ အပါအဝင် ဘေရွတ်ဒေသရှိ ဟစ်ဇ်ဘိုလာပစ်မှတ်များကို လေကြောင်း ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း အစ္စရေးတပ်မတော်က နိုဝင်ဘာ ၁ ရက်တွင် ပြောသည်။ ထို့ပြင် လက်ဘနွန်တောင်ပိုင်းရှိ ဟစ်ဇ်ဘိုလာစစ်ဘက်ဆိုင်ရာ နေရာများကိုလည်း ပစ်ခတ်တိုက်ခိုက်မှု လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၂ ရက်က ဟစ်ဇ်ဘိုလာ၏ ဒုံးကျည်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အစ္စရေးအလယ်ပိုင်း ထိုက်ရာမြို့တွင် ၁၁ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ ထို့အပြင် ဟစ်ဇ်ဘိုလာအဖွဲ့သည် နိုဝင်ဘာ ၂ ရက်တွင် နိုင်ငံတောင်ပိုင်း တဲလ်အဗီးမြို့ရှိ လေတပ်အခြေစိုက် စခန်းတစ်ခုကိုလည်း ဒရုန်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

အရှေ့ အလယ်ပိုင်းနှင့် မြောက်အာဖရိကဆိုင်ရာ ညှိနှိုင်းရေးမှူး ဘရတ်မက်ဂါးခ်အပါအဝင် အမေရိကန်တာဝန်ရှိသူများသည် အောက်တိုဘာ ၃၁ ရက်တွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

၎င်းတို့သည် အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ဖွယ်ရှိသော်လည်း ဟစ်ဇ်ဘိုလာအဖွဲ့က သဘောတူညီမှုမရခင် ဂါဇာကမ်းမြောင်တွင် အပစ်အခတ်ရပ်စဲရန် လိုအပ်သည်ဆိုသည့် သဘောထားကို ဆက်လက်စွဲကိုင်ထားသည်။ **အင်န်အိတ်ချ်ကေ**


အစ္စရေးလေကြောင်း တိုက်ခိုက်မှုပြီးနောက် လက်ဘနွန်မြောက်ပိုင်း မိုင်ဆာရာမြို့ အခင်းဖြစ်ပွားသည့် နေရာမှ ဒေသခံများကို တွေ့ရစဉ်။

မြန်မာနိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက်သင်ကြားသင်ယူမှုတွင်အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် လွယ်ကူလေ့လာအင်္ဂလိပ်စာ Grade-4 မှ Grade-12 အထိ တန်းစဉ် Grammar ရှင်းလင်းချက်များအပါအဝင် လေ့ကျင့်ခန်းများနှင့်အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။

မြန်မာ့အလင်းစာတည်းအဖွဲ့

## Grade (10) Unit (1) LANGUAGE

**Nouns in Apposition**

In English two nouns are often used together, one following the other.The second noun tells us something about the first noun. Such two nouns are called **nouns in apposition.**

The use of a noun phrase immediately after another noun phrase that refers to the same person or thing. **Nouns in Apposition ဆိုတာ noun phrase တစ်ခု နောက်က လူသို့မဟုတ် အရာဝတ္ထုတစ်ခုကရည်ညွှန်းသော တခြား noun phrase တစ်ခုကို အရှေ့က noun phrase နောက်က ကော်မာနဲ့ကပ်ပြီး ရေးတာဖြစ်ပါတယ်။**

ဥပမာ- Paris, the capital of France.

The living room, the biggest room in the house, looks out on to a beautiful garden. (The living room and the biggest room in the house are the same room.)

Timothy, their youngest child, is very musical. (Timothy and their youngest child are the same person.)

My brother, Philip, works at the local museum.

The second noun phrase tells us something more about the first noun phrase (its identity or its qualities).

**များသောအားဖြင့် verb to be (am, is, are, was, were) နဲ့ pronoun (he, she, it, they) တို့ကိုဖြုတ်ပြီး ကော်မာနဲ့ ကပ်ရေးပေးရတယ်။ လေ့ကျင့်ခန်းတွေမှာများသောအားဖြင့်ဝါကျနှစ်ကြောင်းကိုပေးထားပြီး Nouns in Apposition ဆက်ခိုင်းတတ်ပါတယ်။ တစ်ခါတရံ ဝါကျသုံးကြောင်းပေးတာလဲရှိတတ်ပါတယ်။**

ဥပမာ-

1. That is my father. His name is James.
   That is my father, James.
2. Mr Mathews was elected President. He is a well known orator.
   Mr Mathews, a well-known orator, was elected President.
3. Gold is a precious metal. It is bright and yellow.
   Gold, a precious metal, bright and yellow.
4. We saw the painting. It is a great piece of art.
   We saw the painting, a great piece of art.

**Exercises**

**Combine each pair of sentences into one simple sentence by using nouns in apposition.**

1. Geoffrey Chaucer was born in 1340. He is a great English poet.
2. Tagore's most famous work is the Gitanjali. It is a collection of poems.
3. His elder son is at Oxford. He is a lad of great promise.
4. His father is a millionaire. He sent his son to England for higher education.
5. Nehru died in 1964. He was the first Prime Minister of India.

**Answer keys**

1. Geoffrey Chaucer, a great English poet, was born in 1340.
2. Tagore's most famous work is the Gitanjali, a collection of poems.
3. His elder son, a lad of great promise, is at Oxford.
4. His father, a millionaire, sent him to England for higher education.
5. Nehru, the first Prime Minister of India died, in 1964.

## Grade (11) Unit (1) THE AYEYARWADY DOLPHINS

**Both .......... and (နှစ်ခုစလုံး)**

We use both to refer to two things or people together:

The both .......... and construction is used to emphasize that something is true not just of one person, thing or situation, but also of another.

**Both … and as a linking expression**

We use both … and to emphasize the link between two things. This makes a stronger connection than **and** alone:

e.g **Both Britain and France** agree on the treaty. (stronger link than Britain and France agree on the treaty.) (**and နဲ့ဆက်တာထက်ပိုအားကောင်းတဲ့သဘော**)

She played **both hockey and basketball** when she was a student. (stronger link than She played hockey and basketball when she was a student.)

**မတူသော subject မတူသော object မတူသော adjective မတူသော sentence တွေကို both ....... and ဆက်ပေးရပါတယ်။**

ဥပမာ- **You** have been to the UK. and so have **I.**

Both you and I have been to the UK.

He kicked **the cat.** He also kicked **the dog.**

He kicked both the cat and the dog.

I was not only **tired** but also **hungry** when I arrived home.

I was both tired and hungry when I arrived home.

**The question is difficult. All the students cannot answer it.**

Both the question is difficult and all the students cannot answer it.

**Join the sentences using both .......... and ..........**

1. I liked the movie and the play.
2. The actors were engaging and skillful in their performances.
3. The plot moved swiftly and artfully throughout the movie.
4. The movie is being shown at The Fox Theater and in neighborhood theaters.
5. Albert likes the movie. He also and recommends it.

**Answer keys**

1. **I like both the movie and the play.**
2. **The actors were both engaging and skillful in their performances.**
3. **The plot moved both swiftly and artfully throughout the movie.**
4. **The movie is being both at the Fox Theater and in neighborhood theaters.**
5. **Albert both likes the movie and recommends it.**

## Grade (12) Unit (1) GOOD MANNERS

**Can, should, must**

Here's the use of how "can," "should," and "must" are used, each with examples and explanations:

**1. Can**

**Definition:** Used to indicate possibility, ability, or permission. (ဖြစ်နိုင်ခြေ၊ လုပ်နိုင်စွမ်း၊ ခွင့်ပြုချက်တွေကို ရည်ညွှန်းရာမှာသုံးပါတယ်။)

**Examples:**

**Ability:** "I can swim very well." (shows capability)

**Permission:** "You can leave now if you're done." (gives permission)

**Possibility:** "It can get very hot in summer here." (suggests something is possible)

**Explanation:** "Can" expresses that something is possible or allowed or that someone has the ability to do it.

**2. Should**

**Definition:** Used to suggest a recommendation, advice, or an expectation. (ထောက်ခံ၊ အကြံပေး၊ မျှော်လင့်တာတွေကို ရည်ညွှန်းရာမှာသုံးပါတယ်။)

**Examples:**

Advice/Recommendation: "You should eat more vegetables." (suggests a good action)

**Expectation:** "She should arrive by 5 p.m." (indicates something likely or expected)

**Obligation:** "We should finish this by tomorrow." (suggests a mild obligation)

**Explanation:** "Should" is less forceful than "must" and suggests that something is advised or expected but isn't absolutely required.

**3. Must**

**Definition:** Indicates a strong requirement or necessity, often as a rule or obligation.

**Examples:** (လိုအပ်ချက်၊ စည်းမျဉ်း၊ တာဝန်ရှိစတာတွေကို ရည်ညွှန်းတာဖြစ်တယ်။)

**Necessity:** "You must wear a helmet when riding a bike." (implies it's essential)

**Rule/Obligation:** "Employees must clock in by 9 a.m." (states a strict rule)

**Strong recommendation:** "You must see that movie; it's incredible!" (suggests a very strong suggestion)

**Explanation:** "Must" shows a high degree of importance or obligation, often used when rules, laws, or important guidelines need to be followed.

**Summary Table**

| Word | Use | Example |
|---|---|---|
| Can | Ability/Possibility/ Permission | "I can help you tomorrow." |
| Should | Advice/Recommend ation/Expectation | "You should try the new restaurant." |
| Must | Requirement/Necessity /Strong Obligation | "You must complete this task." |

These differences help in communicating levels of necessity, from optional to absolutely required.

**Choose the more natural-sounding option.**

1. She looks pretty sick. I think she .......... go to a doctor. (**can, should**)
2. You've been driving all day. You .......... be exhausted! (**must, should**)
3. You .......... smoke so much. It's bad for your health. (**can't, shouldn't**)
4. Hey, I'm lost. .......... you help me? (Should, Can)
5. You have such a beautiful voice. You .......... sing for us! (**should, can**)

**Answer keys**

**1. should 2. must 3. shouldn't 4. Can 5. can**

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (ဖုန်း-09 981163924) ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

# ဒုက္ခကြားက လူသားဆန်မှု

ထွန်းကျော်

လူပေါင်း ၂၁၄ ဦးထက်မနည်း သေဆုံးခဲ့တဲ့ ရေကြီးရေလျှံမှုကနေ ဒယိမ်းဒယိုင်နဲ့ ပြန်လည်ရုန်းထဖို့ ကြိုးစားနေချိန်မှာ သာမန်စပိန်ပြည်သူတွေဟာ ရေဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့တဲ့နေရာတွေကို ပြန်လည်သန့်ရှင်းရေးတွေ ကူညီလုပ်ဆောင်ဖို့၊ လှူဒါန်းမှုတွေပြုလုပ်ဖို့နဲ့ ပြန်လည်တည်ဆောက်ရေးတွေ ပြုလုပ်ဖို့ အစုလိုက်အပြုံလိုက်၊ အလုံးလိုက်အရင်းလိုက် လာရောက်ခဲ့ကြပါတယ်။

သူတို့ဟာ ဘတ်စ်ကားတွေနဲ့ တစ်သွယ်၊ ထွန်စက်တွေနဲ့ တစ်မျိုး၊ ခြေကျင်တစ်ဖုံ အမျိုးမျိုးလာရောက်ခဲ့ကြပါတယ်။ လူပေါင်း ၂၁၄ ဦးထက်မနည်းသေဆုံးခဲ့တဲ့ကြောက်စရာကောင်းတဲ့ ရေကြီးမှုကြောင့် နစ်မြုပ်ခဲ့တဲ့ လူနေရပ်ကွက်တွေကို သန့်ရှင်းရေးတွေ ကူညီလုပ်ဆောင်ဖို့ အများအကျိုးဆောင်ကိုယ့်အကျိုးအောင်ဆိုတဲ့ စေတနာ့ဝန်ထမ်းစိတ်ဓာတ်တွေမွေးမြူပြီး ရွှံ့နွံတွေထဲကနေ ခဲရာခဲဆစ် ဖြတ်သန်းလာခဲ့ကြတာပါ။

စပိန်နိုင်ငံသား ထောင်ပေါင်းများစွာဟာ သီတင်းပတ်တစ်ပတ်ကျော်ကြာတဲ့အထိ ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရတဲ့ ဗလင်စီယာကို လာရောက်ခဲ့ကြပါတယ်။ မကြာသေးမီက သမိုင်းမှာ အဆိုးရွားဆုံးဖြစ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်ကြောင့် တိမ်းမှောက်ခဲ့ရတဲ့ ကားတွေနဲ့ အုတ်အိမ်တွေ ပြိုကျသွားခဲ့တဲ့ စိတ်မချမ်းမြေ့ဖွယ် ပုံရိပ်တွေဟာ စပိန်နိုင်ငံကို ထိတ်လန့်တုန်လှုပ်စေခဲ့ပါတယ်။

အပျက်အစီးတွေဟာ နိုင်ငံရေးပေါက်ကွဲလုနီးပါးအခြေအနေကို ဖြစ်စေပြီး ရာသီဥတုဖောက်ပြန်ခြင်းအကျိုးသက်ရောက်မှုတွေအပေါ် လူတွေပိုပြီး စိုးရိမ်မှုတွေရှိလာကြပါတယ်။ သို့သော်လည်း လူအများစုအတွက် လက်ငင်းနဲ့ အရေးကြီးဆုံးတုံ့ပြန်မှုကတော့ အကူအညီပေးဖို့ပဲ ဖြစ်ပါတယ်။

တပ်မတော်၊ ရဲတပ်ဖွဲ့နဲ့ အရပ်ဘက်ကာကွယ်စောင့်ရှောက်ရေးအရာရှိတွေ သဘာဝဘေးဒုက္ခများကြား ရှင်သန်သူတွေကို လိုက်လံရှာဖွေပြီး အပျက်အစီးတွေကို ရှင်းလင်းတဲ့အခါမှာ အရပ်သားပြည်သူတွေဟာ သူတို့နိုင်တဲ့ဘက်ကနေ အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီကြတာဟာ ဝမ်းသာအားရစရာကောင်းလှပါတယ်။ သူတို့တွေဟာ ရေလွှမ်းမိုးနစ်မြုပ်ခဲ့တဲ့ ဗလင်စီယာနဲ့ သူ့ရဲ့အနီးဝန်းကျင်ဒေသတွေကိုပြန်လည်တည်ဆောက်ဖို့နဲ့ သဘာဝဘေးဒုက္ခကြုံတွေ့ခဲ့ရသူတွေရဲ့ ပြန်လည်ထူထောင်ရေးတွေမှာ ကူညီသွားမယ်ဆိုတဲ့ ကောင်းမွန်မြင့်မြတ်တဲ့ စိတ်ဓာတ်တွေနဲ့ သဘာဝအရေး တို့မနေ့ အားပေးကူညီတို့ထူထောင်မည်ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ ကူညီလုပ်ဆောင်ခဲ့ကြတာဖြင့် အားကျအတုယူစရာကောင်းလှပါတယ်။

လွန်ခဲ့တဲ့ သီတင်းပတ်ကလည်း စပိန်နိုင်ငံ အရှေ့ပိုင်းကမ်းခြေဒေသဖြစ်တဲ့ ဗလင်စီယာမှာ ဖြစ်ပွားခဲ့တဲ့ အပျက်အစီးတွေကို ကူညီရှင်းလင်းဖို့ လယ်သမားတွေ မောင်းနှင်လာတဲ့ လယ်ထွန်စက်တပ်ဖွဲ့ကြီးဟာ အားရပါးရ ချီတက်လာခဲ့ကြပါတယ်။ ကျေးလက်ဒေသမှာ နောက်တစ်ကြိမ်စည်းလုံးညီညွတ်မှုကို ပြသခဲ့တယ်ဆိုပြီး ဗလင်စီယာ လယ်ယာစိုက်ပျိုးရေးအဖွဲ့က လူမှုမီဒီယာမှာတောင် ဂုဏ်ယူဖွယ်ရေးသားခဲ့ပါတယ်။

ဗလင်စီယာမှာရှိတဲ့ အဓိကလမ်းမကြီးတွေကို ပိတ်ထားတာကြောင့် ကားတွေ သွားလာလို့မရတဲ့အတွက် လူအများစုကတော့ လမ်းလျှောက်ဖို့ ဆုံးဖြတ်ခဲ့ကြသလို တံမြက်စည်းတွေ၊ ထွန်ခြစ်တွေနဲ့ ပုံးတွေကို သယ်ဆောင်လာခဲ့ကြတာကို စပိန်ရုပ်သံကရိုက်ထားတဲ့ ဖိုင်ထဲမှာ တွေ့မြင်ရမှာဖြစ်ပါတယ်။

မြစ်ကမ်းပါးတွေ ပြိုကျပြီးနောက် လမ်းမတွေအပေါ်မှာ ရွှံ့နွံတွေပိတ်နေဆဲဖြစ်ပြီး လူပေါင်း ၆၀ ထက်မနည်း သေဆုံးခဲ့တဲ့ ပိုင်ပေါ်တာမြို့လေးကို လူအုပ်ကြီးဟာ လိုအပ်တဲ့အကူအညီပေးဖို့ တံတားကိုဖြတ်ကျော်ပြီး လာခဲ့ကြပါတယ်။

ဗလင်စီယာမြို့လေးမှာရှိတဲ့ ထင်ရှားကျော်ကြားတဲ့ ဘောလုံးကလပ်ဟာ မက်တယ်လာအားကစားကွင်းကို အရေးပေါ်ခိုနားရာနေရာအဖြစ် သတ်မှတ်ခဲ့ပြီး စေတနာရှင် နိုင်ငံသားတွေဟာ အစားအသောက်အိတ်တွေ၊ အဝတ်အထည်တွေနဲ့ ရေပုလင်းတွေကို လာရောက်ပေးဝေကြပါတယ်။ မြို့တော်အရာရှိတွေနဲ့ စေတနာရှင်ဝန်ထမ်းတွေဟာ အားကစားကွင်းရဲ့ ပင်မဝင်ပေါက်တစ်လျှောက်မှာ အစားအသောက်တွေကို ကျွေးမွေးစောင့်ရှောက်တဲ့ အစားအသောက်ဘဏ်တစ်ခုကို ထူထောင်ပေးခဲ့ပါတယ်။

မက်တယ်လာရဲ့ ပုံရိပ်ဟာလည်း အစားအသောက်တွေ၊ အဝတ်အထည်တွေ၊ အခြားအသုံးအဆောင်ပစ္စည်းတွေ လာလှူပေးတဲ့လူတွေနဲ့ စည်ကားနေပါတယ်။ ဒီအခြေအနေဟာ တစ်သက်မေ့နိုင်စရာအကြောင်း မဟုတ်တော့ပါဘူး။ ဒီလို မမျှော်လင့်ထားတဲ့ သဘာဝကပ်ဆိုးကြီးကို ကြုံတွေ့ခဲ့ရတဲ့ မည်သူမဆို ဖြေဆည်နိုင်စရာ မရှိပါဘူး။ အခုတော့ ဒီလိုခက်ခဲတဲ့အခြေအနေတွေကို စည်းလုံးညီညွတ်ခြင်းနဲ့ ကျော်ဖြတ်နေကြပါတယ်။

စေတနာရှင် ပြည်သူတွေကလည်း လူမှုမီဒီယာတွေကနေတစ်ဆင့် အရေးပေါ်သဘာဝဘေးတုံ့ပြန်ဆောင်ရွက်မှုတွေကို အချိန်နဲ့တစ်ပြေးညီလုပ်ဆောင်နေကြသလို ဘယ်နားအကူအညီလိုလဲ ဘယ်လို ကူညီပေးရမလဲဆိုပြီး ဆက်တိုက်ပို့စ်တွေတင်ပြီး အဆက်မပြတ် ကူညီနေကြပါတယ်။ တချို့စေနာရှင်တွေဟာလည်း ရေဘေးကူညီသူတွေလှူဒါန်းထားတဲ့ အလှူပစ္စည်းတွေ၊ ငွေကြေးရိက္ခာတွေ၊ အထောက်အပံ့ပစ္စည်းတွေကို အလှူရှင်တွေကိုယ်စား ရေဘေးဖြစ်ပွားခဲ့တဲ့နေရာကို ကိုယ်တိုင်ကိုယ်ကျ အလှူပစ္စည်းတွေ သွားရောက်လှူဒါန်းပေးခဲ့ကြပါတယ်။ ဒါဟာလည်း ဝမ်းသာစရာပါပဲ။ လှူဒါန်းသူတွေကလည်း အမျိုးမျိုးသောရေဘေးကူညီရေးပစ္စည်းတွေကို စေတနာထက်သန်စွာ လှူဒါန်းတာကတော့ တစ်သက်မှာ တစ်ခါသာကြုံဖူး၊ တွေ့မြင်ဖူးပါတယ်။ လိုအပ်တဲ့နေရာကို အကူအညီတွေ ချက်ချင်းရောက်အောင် ကူညီပေးခဲ့ပါတယ်လို့ မစ္စစ်အော့စ်ဂရာစီယာက အမှတ်တရပြောခဲ့ပါတယ်။ ဆီဒါဗီမြို့လေးဆိုရင်လည်း လူနေအိမ်တွေ၊ စီးပွားရေးလုပ်ငန်းတွေအကုန်လုံး ရေလွှမ်းမိုးနစ်မြုပ်ခဲ့ပါတယ်။ တိုမီဖာမိုရာနို ဆိုရင်လည်း ကားခေါင်မိုးပေါ်မှာ တစ်ညလုံးဆင်းရဲချို့တဲ့စွာနေထိုင်ခဲ့ရပြီး စေတနာ့ဝန်ထမ်း ကယ်ဆယ်ရေးသမားတွေ ရောက်လာမှသာ သေဘေးက လွတ်မြောက်ခဲ့ပါတယ်။ ဒီရေဘေးမှာ လူပေါင်းများစွာ ပျောက်ဆုံးလျက်ရှိပါသေးတယ်။ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေလည်း အများကြီးလိုအပ်လျက်ရှိဆဲပါ။

ကယ်ဆယ်ရေးသမားတွေ၊ စေတနာရှင်တွေသာ မိုးလင်းကနေ မိုးချုပ်မလုပ်ဘူးဆိုရင် ရေဘေးသင့်သူတွေရဲ့ ဘဝတွေဟာ မတွေးရဲစရာပါဘဲ။ ဝတ်စရာမပြောနဲ့ စားစရာတောင်အနိုင်နိုင်ပါပဲ။ အခုတော့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ၊ စေတနာရှင်ပြည်သူတွေ၊ ကယ်ဆယ်ရေးသမားတွေ၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ ဌာနဆိုင်ရာတွေရဲ့ စုပေါင်းအားကြောင့် အားလုံးဟာ အဆင်ပြေချောမွေ့လျက်ရှိပါတယ်။ သူတို့တွေရဲ့ စုပေါင်းအားနဲ့ လူသားဆန်မှုတွေကို ပြသလိုက်တာဟာဖြင့် ကြားမြင်ရတဲ့သူအပေါင်း ကြက်သီးတဖြန်းဖြန်း ထရလောက်တဲ့အထိ ရတနာပီတိ ဂွမ်းဆီထိမိပါဘိ။ ။

**ကိုးကား နယူးယောက်တိုင်းမ်**



စပိန်နိုင်ငံ ဗလင်စီယာမြို့၌ ရေကြီးမှုဖြစ်ပွားပြီးနောက် သန့်ရှင်းရေးစုပေါင်းဆောင်ရွက်နေစဉ်။

❖ **စပိန်နိုင်ငံသား ထောင်ပေါင်းများစွာဟာ သီတင်းပတ်တစ်ပတ်ကျော်ကြာတဲ့အထိ ရေလွှမ်းမိုးမှုဒဏ်ခံစားခဲ့ရတဲ့ ဗလင်စီယာကို လာရောက်ခဲ့ကြပါတယ်။ မကြာသေးမီက သမိုင်းမှာ အဆိုးရွားဆုံးဖြစ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်ကြောင့် တိမ်းမှောက်ခဲ့ရတဲ့ ကားတွေနဲ့ အုတ်အိမ်တွေပြိုကျသွားခဲ့တဲ့ စိတ်မချမ်းမြေ့ဖွယ် ပုံရိပ်တွေဟာ စပိန်နိုင်ငံကို ထိတ်လန့်တုန်လှုပ်စေခဲ့ပါတယ်**

❖ **ကယ်ဆယ်ရေးသမားတွေ၊ စေတနာရှင်တွေသာ မိုးလင်းကနေ မိုးချုပ်မလုပ်ဘူးဆိုရင် ရေဘေးသင့်သူတွေရဲ့ ဘဝတွေဟာ မတွေးရဲစရာပါဘဲ။ ဝတ်စရာမပြောနဲ့ စားစရာတောင်အနိုင်နိုင်ပါပဲ။ အခုတော့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ၊ စေတနာရှင်ပြည်သူတွေ၊ ကယ်ဆယ်ရေးသမားတွေ၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ ဌာနဆိုင်ရာတွေရဲ့ စုပေါင်းအားကြောင့် အားလုံးဟာ အဆင်ပြေချောမွေ့လျက်ရှိပါတယ်။ သူတို့တွေရဲ့ စုပေါင်းအားနဲ့ လူသားဆန်မှုတွေကို ပြသလိုက်တာဟာဖြင့် ကြားမြင်ရတဲ့သူအပေါင်း ကြက်သီးတဖြန်းဖြန်း ထရလောက်တဲ့အထိ ရတနာပီတိဂွမ်းဆီထိမိပါဘိ**

# တန်ဆောင်မုန်းလရာသီနှင့် ကထိန်ခင်းပွဲ

*တင်ထက်ထက်ဇော်*

မြန်မာပြက္ခဒိန်၏ ဆယ့်နှစ်လတွင် တန်ဆောင်မုန်းလသည် ရှစ်လမြောက်ဖြစ်သည်။ "တန်ဆောင်မုန်း" ဟူသော ဝေါဟာရကို ရှေးခေတ်ကျောက်စာတို့တွင် "တန်ဆောင်မှုန်" ဟု ရေးထိုးကြသည်။ ရွတ်ဆိုခေါ်ဝေါ်ရာ၌မူကား "တန်ဆောင်မှုန်း" ဖြစ်သည်။ ယင်းမှ တန်ဆောင်မုန်းသို့ ရွေ့လျားလာခြင်းဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ "တန်ဆောင်" မှာ "မီးတိုင်"၊ "မှုန်း" မှာ "ပျံ့နှံ့စေခြင်း" ဟု အဓိပ္ပာယ်ရပြီး ထိုဝေါဟာရနှစ်ခုပေါင်းလိုက်လျှင် "ဆီမီးတိုင်များ မျက်စိတစ်ဆုံးပွားများထွန်းလင်းနေသည်"ဟု ဆိုလိုကြောင်း မှတ်သားရပါသည်။

မြန်မာတို့၏ ၁၂ လရာသီပန်းများတွင် တန်ဆောင်မုန်းလ၏ ရာသီပန်းမှာ "ခဝဲပန်း" ဖြစ်သည်။ ခဝဲပန်းကို တန်ဆောင်မုန်းလ၏ နက္ခတ်ကြိုက်ပန်းအဖြစ်မှတ်ယူကာ "ခဝဲပွင့်တုန်း တန်ဆောင်မုန်း"၊ "ခဝဲပွင့်ချိန် ခင်းကထိန်"၊ "ခဝဲလှိုင်လှိုင် တန်ဆောင်တိုင်" စသည်ဖြင့် မှတ်တမ်းတင်ကြသည်။ ရှေးစာဆို ကဝိအကျော်အမော်တို့က ရာသီစာ သီးနှံတစ်မျိုးဖြစ်သော ခဝဲသီးပင်၏ ပန်းပွင့်ကို ၁၂ လရာသီ တော်ဝင်ပန်းများစာရင်းတွင် တခမ်းတနား ထည့်ထားခြင်းက စိတ်ဝင်စားစရာ ဖြစ်နေပါသည်။

ထိုအကြောင်းအရာနှင့် ပတ်သက်၍ စာရေးဆရာကြီး မင်းသုဝဏ်က"ခဝဲပန်းကား ကဗျာဆရာတို့အဖို့ တန်ဆောင်မုန်းလ၏ ရာသီပန်းဖြစ်သည်။ တောချုံ ပုပ္ပေါင်း(မူရင်းသတ်ပုံ) ပိတ်ပေါင်းတို့တွင် တလွန့်လွန့်တက်နေသော ခဝဲနွယ်ပင်အဆစ်တို့မှာ ဝါးခနဲ၊ ဝင်းခနဲ၊ ထိန်ခနဲ၊ လက်ခနဲ နံနက်နေရောင်ခြည်တွင် ပွင့်လန်းနေကြသော ခဝဲပန်းတို့ကို မြန်မာကဗျာဆရာတို့ လွန်စွာသတိပြုခဲ့ကြပုံရသည်။ ခဝဲပွင့်၏ ကြူသင်းသော ရနံ့ကိုလည်း လွန်စွာ အာရုံပြုကြခဲ့ပုံရသည်။ ထို့ကြောင့်လည်း ပန်းအများရှိသည့်အနက် ခဝဲပန်းကိုသာလျှင် ရွေးချယ်ကာ တန်ဆောင်မုန်းလ၏ ရာသီပန်းအဖြစ် တင်မြှောက်ခဲ့ခြင်း ဖြစ်ပေရာသည်" ဟူ၍ မှတ်တမ်းတင်ထားကြောင်း ၁၉၆၆ ခုနှစ်ထုတ် ဆရာကြီး မင်းသုဝဏ်ရေးသားသော ဖိုးသူတော်ဦးမင်း၏ သဘာဝပြက္ခဒိန်နှင့် အခြားစာများစာအုပ်ထဲတွင် လေ့လာမှတ်သားရပါသည်။





### သာမညဖလအခါနေ့

တန်ဆောင်မုန်းလပြည့်နေ့ညသည် အဇာတသတ်မင်းကို အကြောင်းပြု၍ "သာမညဖလအခါနေ့"ဟု သုံးနှုန်းကြသည်။ ဖခင်သတ်ပြီးမှ ဘုရင်ဖြစ်လာသော အဇာတသတ်မင်းသည် အမှားကြီးကြောင့် နောင်တပူပန်ဖြစ်နေရသည်။ ဆေးဆရာကြီး ဇီဝက၏လမ်းညွှန်မှုဖြင့် တန်ဆောင်မုန်းလပြည့်ညတွင် ဗုဒ္ဓဘုရားရှင်ထံသို့ ရောက်လာခဲ့သည်။ တည်နေရာမှာ မာဂဓတိုင်း ရာဇဂြိုဟ်ပြည် ဇီဝက၏ သရက်တောဥယျာဉ်(အမ္ဗဝန)ရှိ ကျောင်းတော်၌ဖြစ်သည်။ အလွန်တိတ်ဆိတ်ငြိမ်သက်နေကြသော သံဃာထုကို အဖန်ဖန်ကြည့်၍ မင်းကြီးသည် ဗုဒ္ဓထံသို့ "ရဟန်းပြုရခြင်း၏အကျိုး" ကို မေးလေသည်။

ဘုရားရှင်၏အဖြေကို အချုပ်တင်ပြရလျှင် ရဟန်းပြုခြင်းဖြင့် မျက်မှောက်လက်ငင်းရနိုင်သော အကျိုးတရားများမှာ-

- မင်းခစားဘဝနှင့် မင်းပြစ်မင်းဒဏ်မှ ကင်းလွတ်ရခြင်း၊
- အခွန်ထမ်းဆောင်ခြင်းမှ ကင်းလွတ်ရခြင်း၊
- ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသဖြင့် အပယ်လေးပါးမှ ကင်းဝေးရခြင်း၊
- ဒုစရိုက်တရားတို့ကို ရှောင်ကြဉ်သဖြင့် ဒုစရိုက်ဒုက္ခမှကင်းလွတ်၍ စူဠသီလနှင့် ပြည့်စုံရခြင်း၊
- ပွဲသဘင်အမျိုးမျိုး၊ ကစားပွဲအမျိုးမျိုး၊ မကောင်းသောစကား အမျိုးမျိုးတို့မှ ရှောင်ကြဉ်သဖြင့် ထိုဒုက္ခများမှ ကင်းလွတ်၍ မဇ္ဈိမသီလနှင့် ပြည့်စုံရခြင်း၊
- နက္ခတ်ဗေဒင်ယတြာ ဆေးကုပေးခြင်း စသည်တို့မှ ရှောင်ကြဉ်သဖြင့် အာဇီဝပါရိသုဒ္ဓိသီလနှင့်ညီညွတ်၍ မဟာသီလနှင့် ပြည့်စုံရခြင်း၊
- ဣန္ဒြေခြောက်ပါးလုံး အကုသိုလ်မဖြစ်အောင် စောင့်စည်းနိုင်ခြင်း၊
- သတိနှင့် ပြည့်စုံခြင်း၊
- သမ္ပဇဉ် ခေါ် ဆင်ခြင်တုံတရားနှင့် ပြည့်စုံခြင်း၊
- သန္တောသ ခေါ် စားဝတ်နေရေး ရောင့်ရဲနိုင်ခြင်း၊
- နီဝရဏ်ငါးပါးမှ ကင်းလွတ်ရခြင်း၊
- ဈာန်တရားများ ရနိုင်ခြင်း၊
- ဝိဇ္ဇာဉာဏ်ရှစ်ပါးနှင့်ပြည့်စုံ၍ မဂ်ဖိုလ်ရခြင်း၊

အိမ်ရာထူထောင်ခြင်းမပြုသော သူတော်ရဟန်းဘဝ၏ အကျိုးတရားကို ဟောတော်မူသောကြောင့် အဇာတသတ်မင်း သရဏဂုံတည်သည်။

### အမျိုးသားအောင်ပွဲနေ့

တန်ဆောင်မုန်းလတွင် မြန်မာနိုင်ငံ၏ တစ်မျိုးသားလုံးအတွက် ထူးခြားမွန်မြတ်သော ရက်တစ်ရက် ရှိနေပါသေးသည်။ ၎င်းမှာ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် "အမျိုးသားနေ့" ဖြစ်သည်။ ကိုလိုနီနယ်ချဲ့လက်အောက်တွင် ကျွန်ပညာရေးစနစ်ဖြစ်သည့် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သပိတ်မှောက်ခဲ့သည့်နေ့ဖြစ်သည်။ တစ်နည်းဆိုသော် ကျွန်ပညာရေးကို ဆန့်ကျင်သည့်နေ့ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် သပိတ်မှောက်ခဲ့သည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် အမျိုးသားနေ့ဟု သတ်မှတ်ခဲ့ကြသည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အရေးပါသောနေ့ဖြစ်သဖြင့် မြန်မာပြည်အတွက် မမေ့သင့်မမေ့ထိုက်သော သမိုင်းဝင်နေ့ဖြစ်သည်။

### တန်ဆောင်မုန်းလနှင့် ပွဲတော်များ

တန်ဆောင်မုန်းလသည် မြန်မာတို့၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ ရိုးရာအစဉ်အလာ ယုံကြည်သက်ဝင်မှုများဖြင့် ပြည့်နှက်နေသည်။ ဘာသာရေးဆိုင်ရာပွဲတော်နှင့် အခမ်းအနားများမှာ မီးထွန်းပွဲ၊ ကထိန်ပွဲ၊ ကျီးမနိုးပွဲ၊ မသိုးသင်္ကန်းရက်လှုပွဲ၊ ပံ့သကူပစ်ပွဲ၊ ရှင်မာလဲပွဲနှင့် ကြာသင်္ကန်းကပ်လှူပူဇော်ပွဲ စသည်တို့ဖြစ်သည်။ အဆိုပါပွဲတော်များအနက် အထင်ရှားဆုံးမှာ ကထိန်ပွဲဖြစ်သည်။

### တန်ဆောင်မုန်းလရာသီ ကထိန်ခင်းကြသည်

"ကထိန်" သည် "ကထိန" ဟူသော ပါဠိကို မြန်မာမှုပြုကာ မြန်မာဝေါဟာရသို့ ပြောင်းလဲထားသော အမည်ဖြစ်ပြီး "မြဲမြံခိုင်ခံ့ခြင်း" ဟု အဓိပ္ပာယ်ရသည်။ ကထိန်ဟူသည် သင်္ကန်းဖြတ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း၊ လှူခြင်း၊ ခင်းခြင်း စသော ကထိန်အမှုနှင့် စပ်သမျှအရာအားလုံးကိုခြုံငုံ၍ ခေါ်ဝေါ်သုံးစွဲသည့်အမည် ဖြစ်သည်။ ထို့ကြောင့် ကထိန်အာနိသင်ငါးပါးကို ကျောင်းတိုက်အပြင် ထွက်မသွားဘဲ ကျောင်းတိုက်အတွင်းမှာသာ မြဲမြံခိုင်ခံ့နေအောင် ပြုလုပ်နိုင်စွမ်းရှိခြင်းဟု ဆိုလိုကြောင်း လေ့လာသိရှိရသည်။ ဒကာ၊ ဒကာမများက ကထိန်ခင်းရန် သင်္ကန်းကို လှူဒါန်းရုံသာ လှူဒါန်းနိုင်ပြီး သံဃာများကိုယ်တိုင်သာ ကထိန်ခင်းရသည်။ ကထိန်သင်္ကန်းကပ်လှူပွဲသည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၂၉ ရက်တိုင်တိုင်ကာလ ဖြစ်သည်။

### ကထိန်သင်္ကန်းဖြစ်ပေါ်လာပုံ

ကထိန်ဖြစ်ပေါ်လာပုံမှာ ဘဒ္ဒဝဂ္ဂီရဟန်းတော်ကို အကြောင်းပြု၍ မြတ်စွာဘုရားရှင်က ခွင့်တော်ပြုပေးတော်မူခဲ့ခြင်းဖြစ်ပါသည်။ မိုးတွင်းကာလတစ်ခု၌ ဘဒ္ဒဝဂ္ဂီနှင့် ရဟန်းတော်အပါး သုံးကျိပ်တို့သည် ခြောက်ယူဇနာ ၄၈ မိုင်ခန့် ခရီးရှည်ကို ဖြတ်သန်း၍ ဘုရားရှင်အား ဖူးမြော်ရန်လာကြသည်။ လေထဲမိုးထဲ ရွှံ့နွံထဲ ဖြတ်သန်းလာကြရသဖြင့် သင်္ကန်းများ ရွှဲရွှဲစိုလေးလံလာကြပြီး လွန်စွာပင်ပန်းကြလေသည်။ ထိုခေတ်ထိုကာလတွင် အသစ်လဲလှယ်စရာ သင်္ကန်းအပိုဆောင်ရန် ခွင့်မပြုထားသေးပေ။ ထို့ကြောင့် ဘုရားရှင်က သံဃာတော်များ သင်္ကန်းကြောင့် ဝန်မလေးကြစေရန်နှင့် အလှူရှင်များလည်း စေတနာသဒ္ဓါတရားဖြင့် လှူဒါန်းနိုင်ကြစေရန် အလို့ငှာ ထိုအချိန်မှစ၍ ကထိန်ခင်း ခွင့်ပြုတော်မူခဲ့သဖြင့် "ကထိန်သင်္ကန်း" ဝတ်ရုံတော် ပေါ်ပေါက်လာခြင်းဖြစ်သည်။

### ပညတ်ချက်များ

ကထိန်ခင်းရာတွင် ပညတ်များစွာရှိသည်။ ကျောင်းရှိသံဃာများက ဒကာ၊ ဒကာမတို့အား ကထိန်ခင်းပေးရန် ရေလာမြောင်းပေး၊ အရိပ်အမြွက်စကား တစ်လုံးတစ်ပါဒမျှ စတင်ပြောဆိုခွင့်မပြုပါ။ မိုးပေါ်က ရေစက်များ သူ့အလိုလိုကျလာသကဲ့သို့ ဒကာ၊ ဒကာမများ၏ သဒ္ဓါတရားအလျောက်သာ ဖြစ်ပေါ်လာသည့် အလှူသင်္ကန်းဖြစ်ရပါမည်။ ထိုကထိန်သင်္ကန်းကို တစ်ဦးတစ်ယောက်တည်းက လှူဒါန်းနိုင်သလို အများစုပေါင်း "ဘုံကထိန်" အဖြစ်လည်း လှူဒါန်းနိုင်သည်။ သံဃာတော်များ ဆင်မြန်းသည့်သင်္ကန်းသည် အမျိုးအစားသုံးမျိုးရှိသည်။ ၎င်းတို့မှာ "ဒုကုဋ်သင်္ကန်း" ခေါ် နှစ်ထပ်သင်္ကန်း၊ "ဧကသီ" ခေါ် အပေါ်ရုံသင်္ကန်း၊ "သင်းပိုင်" ခေါ် ခါးဝတ်သင်္ကန်းတို့ဖြစ်သည်။ ၎င်းသုံးထည်ကို စုစည်း၍ သင်္ကန်းတစ်စုံဟု သတ်မှတ်သည်။ ၎င်းသင်္ကန်းကို သိမ်ထဲမှာသာကပ်ရသည်။ ကထိန်ခင်းထိုက်သည့် ရဟန်းကို သင်္ကန်းကပ်သည့်အခါ "ဥတ္တိဒုတိယကမ္မဝါစာ" ဆိုရသဖြင့် ကထိန်သင်္ကန်းကို "ဉတ်သင်္ကန်း" ဟု ခေါ်ကြခြင်းဖြစ်သည်။

ယနေ့ကာလ ဉတ်သင်္ကန်းကို ဟထိုးအသံနှင့် ညှပ်သင်္ကန်းဟု မှားယွင်းစွာခေါ်ဆိုနေကြသည်။ အသံထွက်အမှန်က "ညတ်" သင်္ကန်း ဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*

> **"ကထိန်ခင်းရာတွင် ပညတ်များစွာရှိသည်။ မိုးပေါ်က ရေစက်များ သူ့အလိုလိုကျလာသကဲ့သို့ ဒကာ၊ ဒကာမများ၏ သဒ္ဓါတရားအလျောက်သာ ဖြစ်ပေါ်လာသည့် အလှူသင်္ကန်းဖြစ်ရပါမည်။ သံဃာတော်များဆင်မြန်းသည့် သင်္ကန်းသည် အမျိုးအစားသုံးမျိုးရှိသည်။ ၎င်းတို့မှာ "ဒုကုဋ်သင်္ကန်း" ခေါ် နှစ်ထပ်သင်္ကန်း၊ "ဧကသီ" ခေါ် အပေါ်ရုံသင်္ကန်း၊ "သင်းပိုင်" ခေါ် ခါးဝတ်သင်္ကန်းတို့ဖြစ်သည်။ ၎င်းသုံးထည်ကို စုစည်း၍ သင်္ကန်းတစ်စုံဟု သတ်မှတ်သည်။ ၎င်းသင်္ကန်းကို သိမ်ထဲမှာသာကပ်ရသည်။ ကထိန်ခင်းထိုက်သည့်ရဟန်းကို သင်္ကန်းကပ်သည့်အခါ "ဥတ္တိဒုတိယကမ္မဝါစာ" ဆိုရသဖြင့် ကထိန်သင်္ကန်းကို "ဉတ်သင်္ကန်း" ဟု ခေါ်ကြခြင်းဖြစ်"**

## ဓာတ်အားခွဲရုံနှင့် သုခဒဂုံအိမ်ရာစီမံကိန်းဓာတ်အားခွဲရုံ စတင်ဓာတ်အားဖြန့်ဖြူးနိုင်ရေး ကွင်းဆင်းကြည့်ရှု



**ရန်ကုန် နိုဝင်ဘာ ၃**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှတာဝန်ရှိသူများ၊ အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့သည် နိုဝင်ဘာ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တို့တွင် အောက်တိုဘာလအတွက် မီတာဖတ်ရှုနေမှုအခြေအနေနှင့် ၆၆ ကေဗွီ သုခဒဂုံအိမ်ရာစီမံကိန်း ဓာတ်အားခွဲရုံကို စတင် ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်လျှပ်စစ်မန်နေဂျာရုံး ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မီတာများ ဖတ်ရှုရာတွင် မီတာစာရေးများကိုယ်တိုင် မီတာယူနစ်များကို စနစ်တကျ မီတာဖတ်ရှု မှတ်တမ်းရေးသွင်းရေး၊ မီတာချွတ်ယွင်းမှုများ၊ တရားမဝင် ဓာတ်အားသုံးစွဲမှုများအား သတ်မှတ်ထားသော လျှပ်စစ်ပုံစံတွင် စနစ်တကျရေးသွင်းပြီး အထက်အရာရှိထံ တင်ပြ၍ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရေး၊ ဓာတ်အားခများအား သတ်မှတ်နှုန်းထားများနှင့် အညီ ကောက်ခံရရှိရေးတို့ကို မှာကြားသည်။

ဆက်လက်၍ စက်မှုဇုန် အမှတ်(၂)ဓာတ်အားခွဲရုံ၊ အမှတ်(၂)လမ်းပေါ်ရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စီးပွားရေးတက္ကသိုလ်ဓာတ်အားခွဲရုံ၊ ဒီဇင်ဘာအိမ်ရာ ဓာတ်အားခွဲရုံတို့၏ ဓာတ်အားလက်ခံရရှိမှု၊ ဖြန့်ဖြူးထားမှုအခြေအနေများနှင့် ဓာတ်အားခွဲရုံ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်ထားမှုအခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးကာ ဓာတ်အားပျောက်ဆုံးမှုများ မှန်ကန်စွာသိရှိနိုင်စေရန် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဖီဒါနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ဖီဒါတို့အား သီးခြားခွဲထုတ်တည်ဆောက်ရန်၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများ မရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်တို့က အလေးထားကြပ်မတ် ဆောင်ရွက်ကြရန် မှာကြားပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၆၆ ကေဗွီ သုခဒဂုံအိမ်ရာစီမံကိန်း ဓာတ်အားခွဲရုံအား စတင်ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်သန်းဦး

## ကျိုင်းလီကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကြည့်ရှု

**ကွန်ဟိန်း နိုဝင်ဘာ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂ ရက်က ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဟိုပန်ကျေးရွာအုပ်စု ကျိုင်းလီကျေးရွာ၌ ကွင်းဆင်းကြည့်ရှုသည်။



ထိုသို့စစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ ကွန်ဟိန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဇင်မာဆန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျိုင်းလီကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဘက်စုံသုံးခန်းမဆောင်သည် အလျားပေ ၄၀၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေရှိပြီး ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၁၆၀ ကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ယခုနှစ် သြဂုတ်လစတုတ္ထပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၆၈ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

## ရှင်ပင်ချမ်းသာကြီးဘုရား၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်မည်

**မင်းဘူး နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ် (၃) ရပ်ကွက်ရှိ မဟာသုခိတာရာမ ရှင်ပင်ချမ်းသာကြီးဘုရား၌ တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့တွင် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်သွားမည်ဖြစ်ကြောင်း ချမ်းသာကြီးဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် အရှင်ပဏ္ဍိတထံမှ သိရသည်။

ရှင်ပင်ချမ်းသာကြီးဘုရားနှင့် ဂန္ဓကုဋိတိုက်၊ အရံစေတီပေါင်း ၁၅ ဆူ၊ တန်ဆောင်းနှင့် အုတ်တံတိုင်းများအား ယခင်နှစ်က တန်ဆောင်တိုင် ဆီမီးထွန်းညှိပူဇော်ပွဲများကို ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးပြည်သူများက လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး စည်ကားလျက်ရှိကြောင်း သိရသည်။ ထိုကဲ့သို့ပင် ယခုနှစ်တွင်လည်း ဆီမီးထွန်းညှိပူဇော်ခြင်းများနှင့် ပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ခြင်း၊ စတုဒိသာကျွေးမွေး လှူဒါန်းခြင်းအပြင် လျှပ်စစ်ရောင်စုံမီးပွင့်များ၊ မီးပန်းများဖြင့် အလှဆင်ကာ ဝေဝေဆာဆာဖြင့် ဘုရားဖူးလာပြည်သူများ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် စီစဉ်ထားကြောင်း ချမ်းသာကြီးလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးသက်ထွန်းက ပြောသည်။

ဇေယျာထက်(မင်းဘူး)

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံရာသီက စိုက်ပျိုးခဲ့သည့် ပဲတီစိမ်းသီးနှံ ၂၀၅၉ ဧက ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ နိုဝင်ဘာ ၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းသီးနှံ ၂၀၅၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံပိုလျှံစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေးအတွက် ပဲတီစိမ်းသီးနှံ ၂၆၀၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း အဆိုပါစိုက်ပျိုးထားသောစိုက်ခင်းများကို ယခုနှစ် သြဂုတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၂၀၅၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

*စာမျက်နှာ ၁၆ မှ*

### ကထိန်ခင်းထိုက်သောရဟန်း

ကထိန်ခင်းထိုက်သောရဟန်းဆိုသည်မှာ ပုရိမဝါကျွတ်ပြီး ပထမပဝါရဏာနေ့မှာ ပဝါရနာပြုထားသော ရဟန်း၊ ပုရိမဝါ မကျိုးမပျက်သောရဟန်း၊ ရှေးဦးပြုဖွယ် ပုဗ္ဗကရဏတို့ကိုသိခြင်း စသည့် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့်ရဟန်း၊ သံဃာက ဝိနည်းကံနှင့်အညီ ဥတ်ကမ္မဝါဖတ်ပေးမည့် ကထိန်ခင်းရန်သင်္ကန်းကို အလှူခံရရှိသည့်ရဟန်း စသည့် ကထိန်ခင်းရန် စွမ်းဆောင်နိုင်သော ရဟန်းတို့ကို ဆိုလိုသည်။

### ကထိန်သင်္ကန်းအကြောင်း သိမှတ်ဖွယ်

အခိက ဥတ်သင်္ကန်းနှင့်အတူ ပဒေသာပင်တွင် ချိတ်ဆွဲထားသော သင်္ကန်းများကို “ဥတ်ရန်သင်္ကန်း” သို့မဟုတ် ကထိန်အရန်သင်္ကန်းဟု ခေါ်သည်။ ကထိန်အာနိသင်ရသွားမည့် သင်္ကန်းများ ဖြစ်သဖြင့်လည်း “ကထိန်အာနိသင်သင်္ကန်း” ဟု ခေါ်နိုင်သည်။ ကထိန်ခင်းကြသည်ဆိုရာဝယ် ကထိန်သင်္ကန်းများစွာလှူခြင်း၊ ဝတ္ထုငွေ များစွာလှူခြင်းနှင့် ပဒေသာပင်များစွာပြုလုပ်ခြင်းတို့ကို မဆိုလိုပါ။ ကထိန်ခင်းသည့်အခါ ဥတ်သင်္ကန်းလှူခြင်းကိုသာ ဆိုလိုပြီး၊ ဥတ်သင်္ကန်းလှူသူကသာ ကထိန်အလှူရှင် ဖြစ်သည်။ ကထိန်ခင်းကြသည့်အခါ ဥတ်သင်္ကန်းကို ကိုယ်တိုင်လှူဒါန်းခွင့် မရသေးသရွေ့ ဘယ်သောအခါမျှ ကထိန်အလှူရှင်မဖြစ်နိုင်သေးပေ။ ထို့ကြောင့် စုပေါင်းမဟာဘုံကထိန် ခင်းကြသည့်အခါ ဥတ်သင်္ကန်းကို အများထည့်ဝင်လှူဒါန်းသည့် အလှူငွေဖြင့် ဝယ်ကြရပါမည်။ တစ်ဦးတစ်ယောက်တည်းက တာဝန်ယူပါရစေဟူ၍ လှူလို့မရ၊ လက်မခံရပါ။ ထို့ပြင် တစ်နှစ်လျှင် ကျောင်းတိုက်တစ်တိုက်၌ တစ်ကြိမ်သာ ကထိန်ခင်းခွင့်ရှိသည်။

### ကထိန်သင်္ကန်းအလှူရှင်များ သိမှတ်ဖွယ်

အထက်တွင်ဖော်ပြထားသကဲ့သို့ ကထိန်ခင်းမည့်ကျောင်းကို သွားရောက်လှူဒါန်းခြင်းအပြင် မိမိအိမ်မှာပင့်လှူ၍လည်း ရပါသည်။ ကျောင်းသို့သွားရောက်လှူဒါန်းသည့်အခါ သို့မဟုတ် ဆရာတော်၊ သံဃာတော်ကို သင်္ကန်းကပ်သည့်အခါ “ဤသင်္ကန်းကို သံဃာအား လှူဒါန်းပါ၏” ဟု နှုတ်ကရွတ်ဆို၍ လှူဒါန်းရပါမည်။ ထိုသင်္ကန်းသည် လတ်တလော ကပ်လှူလက်ခံသည့် ဆရာတော်၊ သံဃာတော်က မပိုင်ဆိုင်သေးပေ။ ကျောင်းတိုက်ရှိ သံဃာအများနှင့်သာ သက်ဆိုင်သည်။

မိမိတို့နေအိမ်တွင် ပင့်ဖိတ်လှူသည့်အခါမှာလည်း သံဃာတော်ကို သင်္ကန်းကပ်လှူသည့်အချိန်၌ ကထိန်ခင်းမည့် ကျောင်းတိုက်၏ ကျောင်းအမည်ကိုတပ်ပြီး လှူဒါန်းရပါမည်။ သို့မှသာ မိမိရည်စူးသည့် သံဃာက ယင်းကျောင်းတိုက်တွင် ကထိန်ခင်းခွင့်ရမည်ဖြစ်သည်။

### ကထိန်သင်္ကန်းအလှူရှင်တွင်ရရှိမည့် ကုသိုလ်တရားငါးပါး

ကထိန်သင်္ကန်း ကပ်လှူခြင်းကြောင့် အလှူရှင်များအနေဖြင့် သွားလေရာအရပ်ရပ်တို့၌ အနှောင့်အယှက်မရှိ၊ ဘေးကင်းစွာသွားလာရခြင်း၊ မိမိပိုင်စည်းစိမ်ဥစ္စာများကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်ခြင်း၊ စားကောင်းသောက်ဖွယ် အထူးပေါ်များ၍ အစားအတွက် ဘေးမဖြစ်နိုင်၊ အဆိပ်မသင့်နိုင်ခြင်း၊ မိမိပိုင်ပစ္စည်းများကို ကာလကြာမြင့်စွာ မေ့လျော့နေသော်လည်း မဆုံးပါးနိုင်ခြင်း၊ ပစ္စည်းများ ရှာဖွေရာတွင် သူတကာတို့ထက်ထူး၍ အစုလိုက်အပုံလိုက်ရခြင်း၊ ရုပ်ရည်အဆင်း ချောမောလှပခြင်းဟူသော အကျိုးတရားများကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း ကျမ်းဂန်များက ဆိုထားသည်။

### မသိုးသင်္ကန်း

“မသိုးသင်္ကန်း” ရက်လှူပူဇော်ပွဲမှာလည်း ထင်ရှားသည့်အလှူဒါနတစ်ခု ဖြစ်ပါသည်။ မသိုးသင်္ကန်းဟူသည် နေ့မကူး၊ ရက်မကူးစေဘဲ တစ်ရက်အတွင်း အပြီးရက်လုပ်လှူဒါန်းရသော သင်္ကန်းဖြစ်သဖြင့် မသိုးသင်္ကန်းဟု ခေါ်ဆိုခြင်းဖြစ်သည်။ မသိုးသင်္ကန်းကို ကထိန်ကာလ၏ နောက်ဆုံးနေ့ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့မတိုင်မီ လဆန်း ၁၄ ရက် ညနေပိုင်းတွင် စတင်ရက်လုပ်ကြပြီး လပြည့်နေ့အရုဏ်မတက်မီ အပြီးချုပ်လုပ်ကာ ကပ်လှူကြသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ရှင့်။ တစ်နှစ်လျှင် တစ်ကြိမ်၊ ထိုတစ်ကြိမ်တွင်လည်း တန်ဆောင်မုန်းလရာသီ ကထိန်ခင်းကြသည့်အခါ အလှူဒါနမြောက်စေရန်အတွက် ဝိနည်းတော်နှင့်အညီ လှူဒါန်းနိုင်ကြပါစေကြောင်း စာရေးသူမှ ဤဆောင်းပါးဖြင့် ဓမ္မကုသိုလ်ပြုလိုက်ရပါသည်။ ။

# သဘာဝတောတောင် အလှဝေဆာသည့် နတ်မတောင် အမျိုးသားဥယျာဉ်

သိန်းညွန့်(PZL)

**နတ်မတောင်အမျိုးသားဥယျာဉ်ကြီးသည် သဘာဝမြေသားအဖြစ်ထင်ရှားလှသည့် ချင်းပြည်နယ် ဒေသအတွင်း ကြွားကြွားဝင့်ဝင့် တည်ရှိနေသော အမျိုးသားဥယျာဉ်ကြီး ဖြစ်သည်။**

ကိုလိုနီခေတ်က **ဝိတိုရိယတောင်** အဖြစ် အမည်တွင်ခဲ့သော သဘာဝ တောင်တန်းကြီးကို ဒေသခံများက **ခေါ်နူးစုမ်** ဟု ခေါ်ဝေါ်ခဲ့ကြသည်။ **ခေါ်** ဟူသည် **မဟာကြီးမြတ်သော၊** **နူး** သည် **အမေ အဖြစ်ဖြင့် (သို့) နတ်၊ စုမ်** သည်ကား **တောင်တန်းကြီး** ကမ္ပည်းတင်ထားခဲ့ခြင်း ဖြစ်သည်။



**အမျိုးသားဥယျာဉ်အဖြစ်ဖွဲ့စည်း**

အမြင့်အားဖြင့် ပေ ၁၀၂၀၀ မြင့်မားသော နတ်မတောင်ကြီးကို ၁၉၅၂ ခုနှစ် ကာလတွင် မြေ-ကျေး-ရှင်း ဌာနက ကွင်းဆင်းလေ့လာခဲ့ကြပြီးနောက် **ခေါ်နူးစုမ်** အား မြန်မာအဓိပ္ပာယ်ကောက်ယူ ပြောင်းလဲခဲ့ကာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးက ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၂ ရက်တွင် အမျိုးသားဥယျာဉ်အဖြစ် ဖွဲ့စည်းခဲ့သည်။

အဆိုပါ အမျိုးသားဥယျာဉ်ကြီးသည် အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park) အဖြစ် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၀ ရက်က သတ်မှတ်ခြင်း ခံခဲ့ရကာ ၂၀၁၃ ခုနှစ်၌မူ ကမ္ဘာ့အမွေအနှစ် ဥယျာဉ်



(World Heritage Site) အဖြစ် သတ်မှတ်နိုင်ရန် အဆိုပြုတင်ပြခဲ့ပေသည်။

**စတင်တည်ထောင်**

ဂေဟစနစ်၊ ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းကာကွယ်နိုင်ရေး၊ အရေးပါသည့် ရေဝေရေလဲ ဒေသတစ်ခုအဖြစ် ထိန်းသိမ်းနိုင်ရေး၊ ဒေသဖွံ့ဖြိုးစည်ပင်လာရေး၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများဖြင့် ပြည်ပဝင်ငွေရရှိရေးတို့အတွက် ရည်မှန်းကာ နတ်မတောင်အမျိုးသားဥယျာဉ်ကြီးကို စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ချင်းတောင်တန်းတစ်ကြော၌ တည်ရှိပြီး ကန်ပက်လက်၊ မင်းတပ်၊ မတူပီမြို့နယ် သုံးမြို့နယ်အတွင်း ပါဝင်သော ယင်းဥယျာဉ်ကြီးသည်ကား ဧရိယာ ၁၇၆၂၀၂ ဧက(စတုရန်းမိုင် ၂၇၅ ဒသမ ၃၁၅ မိုင်) ကျယ်ပြောပါပေသည်။

**ဂေဟစနစ်လေးမျိုးတွေ့ရှိ**

မုတ်သုံရာသီ ခြုံလွှမ်းသော ယင်းသဘာဝ တောတောင်ကြီးတစ်ဝိုက် အမြဲစိမ်းတော၊ ထင်းရှူးတော၊ မြက်ခင်းတော၊ ရွက်အုပ်ပွင့်တောများဖြင့် လှပဝေဆာနေပြီး ဂေဟစနစ်လေးမျိုး တွေ့ရှိရကြောင်း လေ့လာမှတ်သားရသည်။ အရှေ့တောင်အာရှဒေသတစ်ဝန်း မြေသားအမြင့်ဆုံး တောင်စဉ်တောင်တန်းများ စုဖွဲ့တည်ရှိနေသော ဤဥယျာဉ်တွင် မျောက်လွှဲကျော်နှင့် မျောက်မျိုးရင်းများ၊ ချေ၊ ဆတ်၊ ကျားသစ်၊ အင်းကျား၊ ကြောင်မင်း၊ သင်းခွေချပ် စသည့်နို့တိုက်သတ္တဝါ ၃၅ မျိုး ကျင်လည်ကျက်စားကြသကဲ့သို့ ကမ္ဘာတစ်ဝန်း မြန်မာနိုင်ငံတွင်သာ နေထိုင်ကျက်စားပြီး ချင်းပြည်နယ် နတ်မတောင်ဒေသ၌သာ တွေ့ရှိရသည့် ဒေသရင်း(Endemic) ငှက်မျိုးစိတ် မျက်ခုံးဖြူငှက်ပြာခြောက်နှင့် မြန်မာတစ်ငှက်တို့ ပျော်စံရာ တောတောင်ကြီးလည်း ဖြစ်ပေသည်။

**အပင်မျိုးစိတ် ၁၀၂၄ မျိုး ရှင်သန်ပေါက်ရောက်**

ဝက်သစ်ချ၊ သစ်အယ်၊ မိုင်းဘော၊ တောင်ဇလပ်၊ ထင်းရှူး၊ ကရဝေး၊ နတ်ဆေးဂမုန်း၊ ဝင်အူ၊ ပိတ်ချင်း၊ ငွေနှင်းဖြူ၊ ဆင်ပုတီး စသည့်အပင်မျိုးစိတ်ပေါင်း ၁၀၂၄ မျိုး ရှင်သန်ပေါက်ရောက်ရာ ဘူမိနက်သန်နေရာမှန်ဖြစ်ပြီး သစ်ခွမျိုးစိတ်ပေါင်း ၁၀၉ မျိုးလှပတင့်တယ်ရာ ပန်းဥယျာဉ်ကြီးအဖြစ်လည်း တင်စားခေါ်ဝေါ်နိုင်ကြသည်။

**အမျိုးသားဥယျာဉ် ရေရှည်တည်တံ့ရေး**

သို့ဖြစ်သည်နှင့်အညီ တောင်ဇလပ်ပန်းများ ဝေဆာဖူးပွင့်ရာ၊ ညီနောင်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအလေ့အထများ ဖော်ညွှန်းဖြစ်တည်ရာ နတ်မတောင်အမျိုးသားဥယျာဉ် ရေရှည်တည်တံ့ရေးအတွက် နိုင်ငံတော်က ကြိုးပမ်း ဆောင်ကြဉ်းပေးနေသကဲ့သို့ပင် ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကလည်း အရေးပါလျက်ရှိကြောင်း စေ့ငုလေ့လာဖော်ပြလိုက်ရပါသတည်း။ ။

## လယ်သမားအကျိုးပြု ခရုစုတ်ငှက်များကို ကာကွယ်ကြပါစို့



ကမ္ဘာပေါ်တွင် ငှက်အမျိုးပေါင်း ၃၀၀၀ ခန့်သည် နှစ်စဉ်ရာသီအလိုက် ရွှေ့ပြောင်း ကျက်စားကြကြောင်း သိရသည်။ အချို့ငှက်မျိုးစိတ်များမှာ နှစ်စဉ်ဆောင်းရာသီရောက်တိုင်းတွင် မြန်မာနိုင်ငံသို့ လာရောက်ဆောင်းခိုကျက်စားနေထိုင်လေ့ရှိကြသည်။

အဆိုပါ ဆောင်းခိုငှက်များတွင် ခရုစုတ်ငှက်လည်းပါဝင်ပါသည်။ ခရုစုတ်ငှက်ကို ခရုတုတ်ငှက်ဟုလည်း ခေါ်ကြသည်။ ခရုစုတ်ငှက်သည်တောင်ပံဖျားပိုင် အနက်ရောင်၊ ကိုယ်ထည် အဖြူရောင်ငှက်မျိုးဖြစ်သည်။ နှုတ်သီးကြီးမားပြီး နှုတ်သီးအလယ်ပိုင်းက ဟနေသည်။ ကိုယ်အလျား ၃၀ မှ ၃၂ လက်မခန့်အထိ ရှိသည်။ မြစ်ကမ်းစပ်များ၊ အင်းအိုင်များတွင် အစာရှာကျက်စားတတ်ကြသည်။ ရေချိုခရုများကိုကြိုက်နှစ်သက်သည့်ငှက်ဖြစ်သောကြောင့် ခရုစုတ်ငှက်ဟုခေါ်ခြင်း ဖြစ်သည်။ ခရုစုတ်ငှက်သည် ကြာရှည်စွာ ပျံသန်းနိုင်သော ဆောင်းခိုငှက်တစ်မျိုးလည်း ဖြစ်သည်။

ဆောင်းခိုငှက်မျိုးဖြစ်သည့် ခရုစုတ်ငှက်များကို မြန်မာနိုင်ငံအနှံ့အပြားရှိ အင်း၊ အိုင်များ၊ အမျိုးသားဥယျာဉ်များ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ရေဝေဒေသများနှင့် ကမ်းရိုးတန်းများတွင် အုပ်စုလိုက်နေထိုင်ကျက်စားလေ့ရှိကြသည်။ မြန်မာနိုင်ငံတွင် အင်းတော်ကြီး ဘေးမဲ့တော၊ အင်းလေးကန်၊ မိုးယွင်းကြီးအင်းဘေးမဲ့တောများ ဖြစ်သည့် ရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေများ၌ ခရုစုတ်ငှက်နှင့် အခြားရေပျော်ငှက်များ ကျက်စားကြသည်။

ယနေ့အခါစပါးစိုက်တောင်သူများ၏ စပါးစိုက်ခင်းများကို ပိုးမွှားရောဂါများထက် ရွှေခရုကြောင့် ပျက်စီးဆုံးရှုံးမှုများ ရှိပါသည်။ ခရုစုတ်ငှက်များသည် အဆိုပါ ရွှေခရုများကို ဖမ်းယူစားသောက်လေ့ရှိကြသဖြင့် တောင်သူများအတွက် မိတ်ဆွေငှက်များပင် ဖြစ်ပါသည်။ ယခုအခါ ဆောင်းခိုငှက်ဖြစ်သော ခရုစုတ်ငှက်များသည် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံကပြင်-တက်ဆိပ် ဒေသသားငှက်ထိန်းသိမ်းရေးဧရိယာအတွင်း ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် လယ်သမားအကျိုးပြု ခရုစုတ်ငှက်များကို လူသားများအနေဖြင့် အမဲလိုက်ခြင်းမပြုဘဲ ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုပါသည်။ ယခုအခါ ရှားပါးငှက်မျိုးစိတ်များကို အဏ္ဏဝါ အမျိုးသားဥယျာဉ်များ၊ ရေဝေဒေသများ၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ သတ်မှတ်ကာကွယ်ထားခြင်း၊ သားပေါက်ရာနေရာများကို ဖန်တီးပေးခြင်း၊ ထိန်းသိမ်းပြုလုပ်ပေးခြင်းဖြင့်လည်း ခရုစုတ်ငှက်အပါအဝင် အခြားသော ငှက်မျိုးစိတ်များ၏ မျိုးပွားမှုကို ထောက်ပံ့ပေးသည်။ ခရုစုတ်ငှက်များ အကောင်ရေ များလေလေ လယ်သမားများကို ဒုက္ခပေးသည့်ပိုးမွှားများကို ပိုမိုနှိမ်နင်းပေးနိုင်လေဖြစ်ရာ အကျိုးပြု ခရုစုတ်ငှက်များ မျိုးသုဉ်းအန္တရာယ်ကို ကာကွယ်ထိန်းသိမ်းကြရန် တိုက်တွန်းရေးသားအပ်ပါသည်။

**ကိုကျော်စွာ(ကျိုက်ပိ)**

**ကိုးကား -** **မျိုးသုဉ်းပျောက်ကွယ်ခြင်းမှ ပြန်လည်ရှင်သန်လာသည့် ခရုစုတ်ငှက်များ- မြတ်မင်း။**

# ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် တောင်တက်စက်ဘီးစီးပြိုင်ပွဲ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၃**

(၆၉) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဘားအံ-လှိုင်းဘွဲ့ကားလမ်းမကြီးဘေးရှိ ဘားအံဂေါက်ကလပ်၌ ကျင်းပသည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီး၊ ကော့ကရိတ်၊ ဖာပွန်၊ ကျိုက်ထို၊ ငန်းတေး၊ သထုံ၊ ဘုရားသုံးဆူ၊ ကြာအင်းဆိပ်ကြီး မြို့နယ်များမှ ဂေါက်သီးရိုက်အားကစားသမား ၁၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်၍ အားပေးစကား ပြောကြားသည်။

**ကြည့်ရှုအားပေး**

အလားတူ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ဖိတ်ခေါ်တောင်တက်စက်ဘီးစီး (Monutain Bike) ပြိုင်ပွဲကို ကျင်းပရာ အမျိုးသား အသက် ၄၀ နှင့်အထက်ပြိုင်ပွဲ၊ အသက် ၄၀ အောက်ပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲ၊ အသက် ၁၃ နှစ်အောက်ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား လေးမျိုးခွဲ၍ ကျင်းပပြီး အမျိုးသားပြိုင်ပွဲကို လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်ကဇာသပြင် လမ်းဆုံ၌လည်းကောင်း၊ အမျိုးသမီး အလွတ်တန်းနှင့် အသက် ၁၃ နှစ်အောက်ပြိုင်ပွဲကို တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစန်းကိုက ထုံးအိုင်လမ်းဆုံ၌လည်းကောင်း သေနတ်ပစ်ဖောက်တာလွှတ်ပေးခဲ့ပြီး အမျိုးသား ပြိုင်ပွဲတွင် စတင်တာလွှတ်ရာ ဇာသပြင်လမ်းဆုံမှ ကြာအင်းတောင်ခြေအထိ ၃၉ ကီလိုမီတာ၊ ကြာအင်း တောင်ခြေမှ ကြာအင်းတောင်ပေါ်သို့ ခြောက်ကီလို မီတာ၊ အမျိုးသမီးအလွတ်တန်းနှင့် အသက် ၁၃ နှစ် အောက်ပြိုင်ပွဲတွင် စတင်တာလွှတ်ရာထုံးအိုင် လမ်းဆုံမှ ကြာအင်းတောင်ခြေအထိ ၁၇ ကီလိုမီတာ၊ ကြာအင်းတောင်ခြေမှ ကြာအင်းတောင်ပေါ်အထိ ခြောက်ကီလိုမီတာ ပြိုင်ပွဲဝင်ခဲ့ကြကာ ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုနှင့် ပန်းဝင်လာမှုတို့ကို ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန် ရှိသူများနှင့် စက်ဘီးစီးအားကစား ဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ဘားအံ၊ လှိုင်းဘွဲ့၊ ရန်ကုန်၊ မန္တလေး၊ သံဖြူဇရပ်၊ မုဒုံ၊ မော်လမြိုင်မြို့များမှ ပြိုင်ပွဲဝင် စုစုပေါင်း ၁၄၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကြာအင်းတောင်ပေါ်၌ ဆက်လက်ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်တို့က အမျိုးသမီး




အလွတ်တန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆု ၆ မှ ၁၀ အထိရရှိကြသူများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက အမျိုးသား ၄၀ အထက်နှင့် အမျိုးသား ၄၀ အောက်ပြိုင်ပွဲတို့တွင် နှစ်သိမ့်ဆု ၆ မှ ၁၀ အထိ ရရှိကြသူများအားလည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက အမျိုးသား ၄၀ အထက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအားလည်းကောင်း တစ်ဦးချင်း လည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်နန်းဘောဘီမြင့်က အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တစ်ဦးချင်း လည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားများကို ပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်က အသက် ၁၃ နှစ်အောက် အထူးဆု နှစ်ဆု၊ အသက် ၆၀ အထက် အထူးဆု နှစ်ဆုနှင့် အမျိုးသား ၄၀ အောက် တောင်တက်စက်ဘီးစီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား တစ်ဦးချင်း လည်ဆွဲ ဆု၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်(အပေါ်ပုံ) ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မအူပင်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းတံတားလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**မအူပင် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းတံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန (နေပြည်တော်)မှ ဦးကျော်ကျော်ထွေး အင်ဂျင်နီယာချုပ်(မြို့ပြ)က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် အင်ဂျင်နီယာချုပ်(မြို့ပြ)နှင့် အဖွဲ့သည် မအူပင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရေလဲကလေး-မလောင်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ မအူပင်ခရိုင်ရုံးအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စည်ပင်ကုန်း-ဘုရားကုန်းလမ်း ကျောက်ချော လမ်းခင်းခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုရာ မအူပင်ခရိုင်



လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် မအူပင်မြို့နယ် ဦးစီးအရာရှိ (မြို့ပြ)(တာဝန်)က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြရာ အင်ဂျင်နီယာချုပ်(မြို့ပြ)ကလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **အောင်မြင့်မြတ် (ပြန်/ဆက်)**

# မိုင်းတုံမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**မိုင်းတုံ နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နားကောင်းမူးအပိုင်း(၂) ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ နားကောင်းမူးအပိုင်း(၂)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ဆပ်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည်ပေ ၄၀၀၊ အကျယ် ၁၀ ပေ၊ ထု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်း ရန်ပုံငွေကျပ် သိန်း ၁၆၀ ကို အသုံးပြုကာ ဩဂုတ်လဒုတိယပတ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**



# ကျိုက်လတ်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းနေမှု ကြည့်ရှုစစ်ဆေး

**ကျိုက်လတ် နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ အမှတ်(၆)ရပ်ကွက်မှ ထမင်းအိုးချောင်း-ဂုံမင်းချောင်း-ကိုင်းချောင်း-သိုင်းချောင်း-ကျီးချောင်း



ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂ ရက်တွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ တံတားတည်ဆောက်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ဇော်မင်း၊ ဖျာပုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်လင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**သိဒ္ဓိအောင်**

# တွံတေးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**တွံတေး နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ကလီထော်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ဦးနှင့် တာဝန်ရှိသူများသည် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆိုလာရေသန့်စက် ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါကွန်ကရစ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀ စုစုပေါင်း ရန်ပုံငွေကျပ်သိန်း၂၀၀ ကိုအသုံးပြုကာ အောက်တိုဘာလ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်ငွေးအောင်**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ် နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## တောင်ဥက္ကလာပမြို့နယ်၌ ဥက္ကလာပစေတီတော်ကြီးတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်

ရန်ကုန် နိုဝင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ နိုဝင်ဘာ ၇ ရက် တွင်ကျရောက်မည့် (၃၆)နှစ်မြောက်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် တောင်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက အမှတ် ၁၄ ရပ်ကွက်



သံသုမာလမ်းနှင့် သစ္စာလမ်းထောင့်ရှိ ဥက္ကလာပစေတီတော်မြတ်ကြီး ပုရိဝုဏ်အတွင်းပြုလုပ်ဆောင်ရွက်သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် သဃ်န်းကျွန်း ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်၏ ကြီးကြပ်မှုဖြင့် အမှတ် ၁၄ ရပ်ကွက်ရှိဥက္ကလာပစေတီတော်မြတ်ကြီး ပုရိဝုဏ်အတွင်းအပြင်နှင့် စေတီတော်ရင်ပြင်တော်ပေါ်၌ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဆီမီးခုံရှိ ဖယောင်းများသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဘုရားဆင်းတုတော်များအား ရောင်တော်ဖွင့်ခြင်း၊ စေတီတော်ရင်ပြင်ပေါ်နှင့် ဘုရားစောင်းတန်းများတွင်ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန် တံမြက်စည်းလှည်းခြင်း၊ ဘုရားညောင်ရေအိုးများကို ရေလဲလှယ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

## ဖျာပုံမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ဖျာပုံ နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီက မြို့နယ်အတွင်းရှိစည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။



အဆိုပါ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ဖျာပုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစည်သူထက်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ ပါဝင်သောပူးပေါင်းအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ဈေးအတွင်း/အပြင်ရှိ လုံခြုံရေးမီးတပ်ဆင်ဆောင်ရွက်ထားရှိမှု၊ မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်များဆောင်ရွက်ထားရှိမှု၊ မီးဘေးလုံခြုံရေးအတွက်မီးသတ်ပစ္စည်းကိရိယာများထားရှိမှု၊ အရေးပေါ်အခြေအနေများတွင် အသုံးပြုနိုင်မည့် မီးသတ်ပစ္စည်းကြွခိုင်မှု ရှိ/မရှိ၊ ရေငုတ်များ ရေထွက်ရှိမှုအခြေအနေများနှင့် ဈေးများအတွင်း သွယ်တန်းထားသော မီးကြိုးများကြွခိုင်မှုရှိ/မရှိ လိုက်လံစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

အောင်ဝင်းနိုင် (ပြန်/ဆက်)

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်း

နေပြည်တော် နိုဝင်ဘာ ၃

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မိုး/ဇလ

## ဒုတိယပိုင်းသွင်းဂိုးများဖြင့် အက်စ်တွန်ဗီလာကို စပါးအသင်းဂိုးပြတ်အနိုင်ရ

နိုဝင်ဘာ ၃ ရက် ည ၈ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် စပါးနှင့် အက်စ်တွန်ဗီလာအသင်းပွဲစဉ်တွင် စပါးအသင်းက အကြိတ်အနယ်ကစားပြီး လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

စပါးအသင်းသည် ပြီးခဲ့သည့်ပွဲစဉ်မှ ကစားသမားစာရင်းကို သုံးဦးအပြောင်းအလဲပြုလုပ်ပြီး ဂျွန်ဆင်၊ ဆိုလန်ကီ၊ ဆွန်ဟောင်မင်တို့ ဦးဆောင်ပွဲထွက်လာခဲ့သည်။ ပြိုင်ဘက်နည်းပြ အူနိုင်းအမ်မရီ၏ အက်စ်တွန်ဗီလာအသင်းက ပြီးခဲ့သည့်ပွဲစဉ်မှ ကစားသမားစာရင်းကို ၁၀ ဦးအထိ အပြောင်းအလဲပြုလုပ်ကာ စပါးအသင်းကို ရင်ဆိုင်လာခဲ့သည်။

ပထမပိုင်းတွင် အိမ်ရှင်စပါးအသင်းထက် ဗီလာအသင်းက သာလွန်သည့်ကစားဟန်ကို ထုတ်ပြနိုင်ခဲ့ပြီး ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးသုံးကြိမ်ထက်မနည်း ဖန်တီးနိုင်ခဲ့သည်။ ပြိုင်ဘက်စပါးအသင်းက ဂိုးရရှိရန် နီးစပ်သည့်အခွင့်အရေး ဖန်တီးထားနိုင်ခြင်းမရှိသည့်အပြင် ဂိုးကန်သွင်းခွင့်ရရှိသည့် ရှစ်ကြိမ်တွင်လည်း ဂိုးပေါက်တည့်မတ်မှု မရှိခဲ့ပေ။ ပွဲချိန် ၃၂ မိနစ်တွင် ဗီလာအသင်းအတွက် ဦးဆောင်ဂိုးကို မော်ဂန်ရော်ဂျာက သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ပြီး မကြာမီတွင် စပါးအသင်း ချေပဂိုးရရှိခဲ့ပြီး ဂျွန်ဆင်က သွင်းယူပေးခဲ့သည်။ တစ်ဖက်တစ်ဂိုးစီသရေကျပြီးနောက်တွင် စပါးအသင်းက ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများနှင့်အတူ သွင်းဂိုးများ ထပ်မံရရှိခဲ့သည်။ ပွဲချိန် ၇၅ မိနစ်နှင့် ၇၉ မိနစ်တွင် စပါးအသင်းအတွက် ဒုတိယဂိုးနှင့် တတိယဂိုးကို ဆိုလန်ကီက သွင်းယူပေးခဲ့သည်။



စပါးအသင်းအတွက် စတုတ္ထဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် လူစားဝင်ကစားသမား မက်ဒီဆင်က သွင်းယူပေးခဲ့သည်။ ယခု ပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် စပါးအသင်းက ပွဲစဉ် (၁၀) အပြီးတွင် ရမှတ် ၁၆ မှတ် ရှိလာပြီ ဖြစ်သည်။

အောင်ဇော်

## MNL ပွဲစဉ် (၁၃) တွင် ဟံသာဝတီနှင့် ရန်ကုန်ယူနိုက်တက် အမှတ်ခွဲယူ

**ရန်ကုန် နိုဝင်ဘာ ၃**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃) ပထမနေ့ကို နိုဝင်ဘာ ၃ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ ဟံသာဝတီယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက် နှစ်ဂိုးစီသရေကျခဲ့သည်။

အမှတ်ပေးဇယား ဒုတိယနေရာမှ ဟံသာဝတီယူနိုက်တက်နှင့် တတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုမှာ အပြန်အလှန်သွင်းဂိုးများဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သော်လည်း သရေကျခဲ့သဖြင့် ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းသာ နိုင်ပွဲထပ်မံရယူနိုင်ပါက အမှတ်ပိုပြတ်သွားမည်ဖြစ်သည်။

ဟံသာဝတီ အသင်းတွင် လားဒင်မောရမှလွဲ၍ ဝင်းမိုးကျော်၊ စိုးကျော်ကျော်၊ အောင်မြတ်သူ၊ ရန်နိုင်အောင်၊ လတ်ဝေဘုန်းတို့ကို အသုံးပြုခဲ့သလို ရန်ကုန်ယူနိုက်တက်အသင်းကလည်း ဒေးဗစ်ထန်၊ အီစိုး၊ ဇော်ဝင်းသိန်း၊ ဝေလင်းအောင်တို့ဖြင့် လူစုံခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင်နိုင်ခဲ့ပြီး ပွဲအစ ၁၁ မိနစ်တွင် သန်းတိုးအောင်က ထောင့်ကန်ဘောကို ခေါင်းတိုက်ပြီး ပထမဂိုး၊ ၃၃ မိနစ်တွင် အောင်မြတ်သူက ဒုတိယဂိုး ထပ်သွင်းကာ ပထမပိုင်းတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ပထမပိုင်းတွင် အခွင့်အရေးများ အသုံးမချနိုင်ခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးပြန်ရရန် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး ခြောက်မိနစ်အတွင်း နှစ်ဂိုးပြန်သွင်းကာ သရေရလဒ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက် အသင်းအတွက် ချေပဂိုးများကို ၅၅ မိနစ်တွင် ဥက္ကာနိုင်နှင့် ၆၁ မိနစ်တွင် ဝေလင်းအောင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှ ဝေလင်းအောင်ကရရှိသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက် အသင်းက ၁၃ ပွဲကစား ၃၂ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၃ ပွဲကစား ၃၁ မှတ် ရရှိထားသည်။



ဟံသာဝတီယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက် ယှဉ်ပြိုင်နေစဉ်။

ပွဲစဉ် (၁၃) ဒုတိယနေ့ကို နိုဝင်ဘာ ၄ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ မြဝတီအသင်းနှင့် ရှေဝတီယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ အား/ ကာသိပ္ပံအသင်းနှင့် ဒဂုံစတား ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ကိုညီလေး ၊ ဓာတ်ပုံ-MNL

## WTA Finals ပြိုင်ပွဲ အုပ်စုအဆင့်တွင် ဘာဘိုရာကို နာမည်ကြီး တင်းနစ်မယ် ဆွီယာတက်ခ် အနိုင်ရ

နာမည်ကျော် ပိုလန်တင်းနစ်မယ် အီဂါဆွီယာတက်ခ်သည် WTA Finals ပြိုင်ပွဲ အုပ်စုအဆင့်တွင် ချက်ဇ်တင်းနစ်မယ် ဘာဘိုရာကို အကြိတ်အနယ်ကစားပြီး ၄-၆၊ ၇-၅၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

ယင်းပွဲစဉ်မှာ စက်တင်ဘာလနောက်ပိုင်း အသက် ၂၃ နှစ်အရွယ် ဆွီယာတက်ခ် ပထမဆုံးယှဉ်ပြိုင်ကစားသည့် ပွဲစဉ်လည်းဖြစ်သည်။ ၎င်းသည် ၂၀၂၃ ရာသီပိတ် WTA Finals ပြိုင်ပွဲ ဗိုလ်လုပွဲတွင် အနိုင်ရ ဗိုလ်စွဲထားသူဖြစ်သည်။

ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာသည် အဆိုပါအဆင့်တွင် အီတလီတင်းနစ်မယ် ပါအိုလီနီနှင့် တွေ့ဆုံခဲ့ပြီး ၆-၇ (၅-၇)၊ ၄-၆ ရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။ ထို့ပြင် တရုတ်တင်းနစ်မယ် ရှောင်မှာလည်း နာမည်ကြီး ဘယ်လာရုစ်တင်းနစ်မယ် စဘယ်လင်ကာကို ၃-၆၊ ၄-၆ ရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

အောင်ဇော်



## ဘာစီလိုနာက အက်စ်ပန်ညိုကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပေးဇယားကို ကိုးမှတ်ပြတ်ဦးဆောင်

စပိန်လာလီဂါပွဲစဉ် (၁၂) မှ နိုဝင်ဘာ ၃ ရက် ည ၉ နာရီ ၄၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ဘာစီလိုနာနှင့် အက်စ်ပန်ညို အသင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းက တိုက်စစ်ခြေစွမ်းပြကာ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး အမှတ်ပေးဇယားကို ပြတ်သားသောရလဒ်ဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

အက်စ်ပန်ညို အသင်းသည် လာလီဂါရှုံးပွဲဆက်မှုကို ချေဖျက်ရန် အသင်းကို အကောင်းဆုံး ပြင်ဆင်လာသော်လည်း ပြိုင်ဘက်ဘာစီလိုနာအသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်း ပျောက်ဆုံးခဲ့ပြီးရှုံးပွဲ ထပ်မံကြုံတွေ့ခဲ့ရသည်။ ထို့ပြင် အက်စ်ပန်ညို အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် လာလီဂါ ရှုံးပွဲရှစ်ပွဲအထိရှိလာပြီး လာမည့်ပွဲစဉ်များတွင် တန်းမဆင်းရရေးအတွက် ရုန်းကန်ရတော့မည်ဖြစ်သည်။

ဘာစီလိုနာအသင်းက ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် လာလီဂါနိုင်ပွဲ ၁၁ ပွဲအထိရှိကာ ရမှတ် ၃၃ မှတ် ဖြင့် ဒုတိယနေရာမှ ခါးသီးပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်းထက် ကိုးမှတ်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို အိုလ်မိုနှင့် ရာဖင်ညာတို့က သွင်းယူပေးခဲ့သည်။

နိုဝင်ဘာ ၃ ရက် အစောပိုင်းတွင် စပိန်လာလီဂါပွဲစဉ် (၁၂) မှ အက်သလက်တီကို မက်ဒရစ်နှင့် လက်စ်ပါးမတ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး အက်သလက်တီကို မက်ဒရစ်အသင်းက နှစ်ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။

အောင်ဇော်



## တိုရီနိုကို အနိုင်ယူပြီး ပြိုင်ပွဲစုံခုနစ်ပွဲဆက် နိုင်ပွဲရရှိလာသည့် ဖီအိုရင်တီးနား

အီတလီစီးရီးအေ ပွဲစဉ် (၁၁)မှ နိုဝင်ဘာ ၃ ရက် ည ၈ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် တိုရီနိုနှင့် ဖီအိုရင်တီးနား အသင်းပွဲစဉ်တွင် ဖီအိုရင်တီးနားအသင်းက ပွဲချိန် ၄၁ မိနစ်တွင်ရရှိခဲ့သော တိုက်စစ်ကစားသမား ကိန်း၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ဖီအိုရင်တီးနားအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံခုနစ်ပွဲဆက် နိုင်ပွဲရရှိခဲ့သည်။ ပြိုင်ဘက်တိုရီနိုအသင်းက ယခုပွဲစဉ်ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးခုနစ်ပွဲတွင် ရှုံးပွဲခြောက်ပွဲအထိ ရှိလာပြီဖြစ်သည်။ ဖီအိုရင်တီးနားအသင်းသည် စီးရီးအေ ပွဲစဉ် (၁၁) အပြီးတွင် အမှတ်ပေးဇယား ဦးဆောင်သူ နာပိုလီအသင်းနှင့် သုံးမှတ်သာကွာဟတော့ပြီး အဆင့် (၃) နေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည်။

အီတလီစီးရီးအေ ပွဲစဉ် (၁၁)မှ အခြားသော ပွဲစဉ်ရလဒ်များတွင် အေစီမီလန်က မွန်ဇာကို တစ်ဂိုး-ဂိုးမရှိ၊ အတ္တလန္တာက နာပိုလီကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲအသီးသီး ရရှိခဲ့သည်။

အောင်ဇော်

# တပ်ကုန်း၊ ကျိုက်ထိုနှင့် နမ့်စန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



အေးမင်းပိုင် ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃**

တပ်ကုန်း၊ ကျိုက်ထိုနှင့် နမ့်စန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၃ နာရီတွင် တပ်ကုန်းမြို့နယ် သဖန်းချောင်းကျေးရွာအုပ်စု သဖန်းချောင်းကျေးရွာ အနီးတွင် အောင်ဇော်မင်း(ခ)အောင်မင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ ကိုလည်းကောင်း၊ အလားတူ နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာအုပ်စု မရမ်းချောင်ကျေးရွာအနီးတွင် အေးမင်းပိုင် မောင်းနှင်လာသည့် TOYOTA PASSO အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကိုလည်းကောင်း၊ ထို့အတူ နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီတွင် ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့ ရပ်ကွက်(၄) စွယ်တော်လမ်းနေ ရဲရင့်အောင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၀ နာရီတွင် နမ့်စန်မြို့ ရပ်ကွက်(၄) စွယ်တော်လမ်းနေ မျိုးဝင်းထွန်း(ခ)ကိုလင်း ၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း၊ နံနက် ၁၁ နာရီတွင် နမ့်စန်မြို့နယ် အမှတ်(၅)ကျေးရွာအုပ်စု အမှတ်(၇)ကျောက်တောင်နေ မရီ ၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဇမ္ဗူသီရိမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၊ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ နိုဝင်ဘာလ ၁ ရက်နေ့က ယာဉ်တိုက်မှုဖြစ်ပွားပြီး အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁ ရက် ည ၈ နာရီ ၁၅ မိနစ်တွင် ဇမ္ဗူသီရိမြို့နယ် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ယာဉ်မတော်တဆမှုဖြစ်ပွား၍ လူနာများရောက်ရှိနေကြောင်း သတင်းအရ အမှတ်(၁)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(နေပြည်တော်)မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဒက္ခိဏသီရိမြို့နယ် မြပုဏ္ဏမာလမ်းနေ မနန္ဒာလွင်(၃၄)နှစ်သည် MDY-17 5K-xxxx Honda Insight မော်တော်ယာဉ်ဖြင့် ပဒုမ္မာလမ်းအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာစဉ် ရွှေကြာပင်ရပ်ကွက် ပဒုမ္မာလမ်းနှင့် မြစ်ငယ်လမ်းဆုံအနီးအရောက်၌ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်နေ ဦးဇော်မင်းလတ် (၄၁)နှစ် မောင်းနှင်ပြီး ဝဏ္ဏသိဒ္ဓိ ရပ်ကွက်နေ ဦးသန်းထိုက်ထွေး (၄၂)နှစ် လိုက်ပါလာသည့် SHN/xxxxx Honda CBR-650 ဆိုင်ကယ်ဖြင့် မျက်နှာချင်းဆိုင်ဝင်ရောက်တိုက်မိခဲ့၍ ဦးဇော်မင်းလတ်၊ ဦးသန်းထိုက်ထွေးနှင့် မနန္ဒာလွင်တို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဇော်မင်းလတ်နှင့် နန္ဒာလွင်တို့ နှစ်ဦးအား ဇမ္ဗူသီရိမြို့မရဲစခန်းယာဉ်(ပ)၁၃/၂၀၂၄၊ ရာဇ သတ်ကြီးပုဒ်မ ၂၇၉/ ၃၃၇ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၊ အမျိုးသားတစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၌ နိုဝင်ဘာ ၂ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁ ရက် ည ၁၂ နာရီ ၁၀ မိနစ်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၂)လမ်းပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ အမှတ်(၆) ဒုတိယ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ ဆန်းလင်း (၄၁)နှစ်သည် YGN-10 CC-xxxx PROBOX မော်တော်ယာဉ်ဖြင့် အဆိုပါလမ်းအတိုင်း မောင်းနှင်လာစဉ်အောင်ရတနာ(၁၀)လမ်းထိပ်အနီးအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင်ရပ်တန့်ထားသော ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရွာသာကြီးရပ်ကွက်နေ ကိုဝဏ္ဏ(၂၃)နှစ် မောင်းနှင်ပြီး ရွာသာကြီးတောင်ရပ်ကွက်နေ ဦးမြင့်လှိုင် (၄၄)နှစ် လိုက်ပါလာသည့် ဘေးတွဲဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ကိုဝဏ္ဏတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဦးမြင့်လှိုင်တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ဆန်းလင်းအား ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်း ယာဉ်(ပ)၁၉/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/ ၃၃၇/၂၇၉ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

◆ *ကျောဖုံးမှ*

နိုင်ပွဲနှင့် ဆက်လက်ဝေးကွာခဲ့ရသည်။

တန်းဆင်းဇုန် အထက်တွင် ပြတ်သားသောရလဒ်ဖြင့် ရပ်တည်နိုင်ရေး ပြင်ဆင်လာသော ပဲလေ့စ်အသင်းက ယခုနှစ်ရာသီတွင် ခံစစ်အဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေသည့် ဝုဖ်အသင်းကို ဂိုးပေါက်ခြိမ်းခြောက်မှု အသာဖြင့် ပွဲချိန်အများစု ဖိအားပေးကစားနိုင်ခဲ့သည်။ ထို့ပြင် ပဲလေ့စ်အသင်းသည် ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးဖန်တီးမှု လေးကြိမ်ထက် မနည်းရရှိခဲ့သော်လည်း သုံးကြိမ်လွဲချော်ခဲ့သည်။

ဝုဖ်အသင်းအတွက် သွင်းဂိုးများကို လာဆင်နှင့် ဂိုမက်စ်တို့က သွင်းယူပေးပြီး ပဲလေ့စ်အသင်းအတွက် သွင်းဂိုးများကို ချလိုဘာနှင့် ဂေဟီတို့က သွင်းယူပေးခဲ့သည်။ ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် ဝုဖ်အသင်းက ပရီမီယာလိဂ် ၁၀ ပွဲ ကစားပြီးချိန်တွင် နိုင်ပွဲရရှိထားခြင်း မရှိသေးဘဲ သုံးပွဲသရေနှင့် ခုနစ်ပွဲရှုံးရလဒ်ရရှိထားသည်။ ပြိုင်ဘက် ပဲလေ့စ်အသင်းက တစ်ပွဲနိုင်၊ လေးပွဲသရေနှင့် ငါးပွဲရှုံးရလဒ်ရရှိထားသည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် ဘုန်းမောက်က မန်စီးတီးကို နှစ်ဂိုး-တစ်ဂိုး၊ လီဗာပူးက ဘရိုက်တန်ကို နှစ်ဂိုး-တစ်ဂိုး၊ နော်တင်ဟမ်ဖောရက်စ်က ဝက်စ်ဟမ်းကို သုံးဂိုး-ဂိုးမရှိ၊ ဆောက်သမ်တန်က အဲဗာတန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့ပြီး အစ်ဆွစ်နှင့် လက်စတာအသင်း ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ **အောင်ဇော်**



◌ *ကျောဖုံးမှ*

(2024 ICF Dragon Boat World Cup )တွင် မြန်မာလှေလှော်အားကစားအသင်း ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိခဲ့သည်။

အဆိုပါ အမျိုးသား+အမျိုးသမီး မီတာ ၂၀၀ (၁၀)တက်လှော်ဗိုလ်လုပွဲပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်က မြန်မာ၊ အင်ဒိုနီးရှား၊ တရုတ်(တိုင်ပေ)၊ စပိန်၊ ဖိလစ်ပိုင်၊ ဟန်ဂေရီအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ အင်ဒိုနီးရှားအသင်းက ပထမ(ရွှေ)၊ မြန်မာအသင်းက ဒုတိယ(ငွေ)၊ တရုတ်(တိုင်ပေ)အသင်းက တတိယ(ကြေး)တံဆိပ်ရရှိခဲ့ကြသည်။

ထို့ပြင် နိုဝင်ဘာ ၃ ရက်က အမျိုးသား+အမျိုးသမီး မီတာ ၅၀၀ (၁၀)တက်လှော်ဗိုလ်လုပွဲတွင် မြန်မာ၊ ဟန်ဂေရီ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ ယူကရိန်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြရာ မြန်မာအသင်းက ပထမ(ရွှေ)တံဆိပ်၊ ဟန်ဂေရီအသင်းက ဒုတိယ(ငွေ)တံဆိပ်၊ အင်ဒိုနီးရှားအသင်းက တတိယ(ကြေး)တံဆိပ်ရရှိခဲ့သည်။

ယင်းလက်ရည်စစ်ပြိုင်ပွဲသည် အမျိုးသား (၁၀)တက်လှော် မီတာ၂၀၀၀၊ အမျိုးသား (၈)တက်လှော် မီတာ ၂၀၀၀၊ အမျိုးသား+အမျိုးသမီး (၈)တက်လှော် မီတာ ၂၀၀၀ ၊ အမျိုးသား+အမျိုးသမီး (၁၀)တက်လှော် မီတာ ၂၀၀ နှင့် အမျိုးသား+အမျိုးသမီး (၁၀)တက်လှော် မီတာ ၅၀၀ တို့သည် အသင်း ၁၆ သင်း၊ အုပ်စုလေးစုခွဲကာ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်၊ ဖိုင်နယ်အဆင့်အထိ ယှဉ်ပြိုင်ခဲ့ကြရသည်။

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ အားကစားသမားများသည် အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yichang မြို့နှင့် ဖိလစ်ပိုင်နိုင်ငံ Puerto Princesa မြို့တို့တွင် ကျင်းပခဲ့သည့်ပြိုင်ပွဲများအပြီး စုစုပေါင်းရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်သုံးခုရရှိခဲ့ပြီး အကောင်းဆုံး(၁၂)သင်းမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့တွင် ၂၀၂၅ခုနှစ် ဩဂုတ် ၉ ရက်နှင့် ၁၀ရက်တို့တွင် ကျင်းပမည့် ကမ္ဘာ့အားကစားပြိုင်ပွဲချန်ပီယံရှစ်နဂါးလှေလှော်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ရာ မြန်မာလှေလှော်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသွားကြောင်း သိရသည်။ **အာကာစိုး**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Ye Htet Naing” Facebook အကောင့်နှင့် “Ye Htet” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ခြောက်မိုင်ကျွဲခြံကုန်းရပ်ကွက်နေ ရဲထက်နိုင်(ခ)အိုဝိုက်စ်နှင့် တစ်ရပ်ကွက်တည်းနေ “Min Htet Naing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မင်းထက်နိုင်(ခ)ကေကေဘားတို့အား ညနေ ၅ နာရီခွဲတွင် မြိုင်သာယာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၁ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၉၆၆၅၇၄) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၆၉၃၅၀၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၃၆၆၀၀၇၄) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၁ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပင်းတယ-အောင်ပန်း လမ်းပိုင်းရှိ ပွေးလှကျေးရွာ ရွာငံလမ်းခွဲအနီး၌ ရွာငံမြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၂ မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၈၈၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၇၈၈၅၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Corwn မော်တော်ယာဉ်တစ်စီးနှင့် JAC Truck မော်တော်ယာဉ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၁၉၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၁၉၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၃၁ ရက်၊ နိုဝင်ဘာ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၄၅၉၅၂၆၆) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **သတင်းစဉ်**







အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။





မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

■ *ကျောဖုံးမှ*

မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် တီမောအသင်းနှင့် ဘရူနိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အသင်းစုစုပေါင်း ကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး အုပ်စု (A) တွင် လက်ရှိချန်ပီယံ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ တီမော၊ ဘရူနိုင်း၊ အုပ်စု (B) တွင် အင်ဒိုနီးရှား၊ မြန်မာ၊ ဩစတြေးလျနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ အုပ်စု (A) ပွဲစဉ်များကို နိုဝင်ဘာ ၂၊ ၃ ရက်က ကျင်းပခဲ့ပြီး ဗီယက်နမ်အသင်းက တီမောအသင်းကို လေးဂိုး-တစ်ဂိုး၊ ထိုင်းအသင်းက ဘရူနိုင်းအသင်းကို ၁၃ ဂိုး-ဂိုးမရှိ၊ မလေးရှားအသင်းက ဘရူနိုင်းအသင်းကို ၁၁ ဂိုး-ဂိုးမရှိ ထိုင်းအသင်းက တီမောအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ **ရဲရင့်လွင်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**






**အမှန်တကယ်ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ**
**ကြည့်သူမရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ**


### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/12048, Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/47625, Yin Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဒုဋ္ဌဝတီမင်းသမီးကုမ္ပဏီ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/37490, Yamaha FZ 125 ယာဉ်လက်ဝယ်ရှိသူ Amazing New Sky Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/61807, Super Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၁၅

ဒေါ်အောင်မြင့်ဌွေး နှင့် ဦးစစ်ရွှေ
တရားလို တရားပြိုင်

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်(ဟ-၈)၊ ဦးပိုင်(၁၁၅)နေ ဦးစစ်ရွှေ (ဘ)ဦးလှဒင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်အောင်မြင့်ဌွေးက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၈)၊ ဦးပိုင်အမှတ်(၁၁၅)၊ ဧရိယာ (၀.၀၅၅၁) ဧကရှိ ဦးစစ်ရွှေ အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက်(၁၃၈၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ လ ၂၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သိဂီဝင်း)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင် ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရစည်းကြပ်သော မြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံ အမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကိုလှပ်ထားရန် အကြောင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လှပ်ထားခြင်း သည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာ မြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။
(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/86157, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှတင်း ၁၄/မမန(နိုင်)၀၀၅၇၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)


**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**


## ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

❖ ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများ (ပိုးသတ်ဆေး ဓာတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့် ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင်နေထိုင်သည့်လူများသည် အသုံးပြုမည့်ရေကို သေချာစွာကျိုချက်သန့်စင် အသုံးပြုကြပါရန်၊

❖ ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသော ငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက် ခွဲခြားခြင်း၊ ပြင်ပမှ ဝင်ရောက်လာသည့် သားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့လုပ်ဆောင်ပါရန်၊

❖ ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသော ကန်ပေါင်များအား အမြန်ဆုံးပြန်လည်ဆယ်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှုအားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှု နှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန် တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များ စိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုကို ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများထားရှိပါရန်၊

❖ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များ ဖယ်ရှားခြင်း၊ ရေဝင်ရေထွက်ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်ကို သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုင်းများ အမှိုက်ဖယ်ရှား၍ သေချာစွာပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များပိတ်ဆို့ခြင်းကို အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊

❖ ရေကြီးနစ်မြုပ်စဉ် ကာရံထားသော ပိုက်များကို ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ် ကာရံထားရန်၊ ကာရံထားသော သဲအိတ်များကို ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့် သဲအိတ်များ အဆင်သင့်ပြင်ဆင်ထားရှိပါရန်၊

❖ ငါးမွေးကန် ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်းများနှင့်ကန်အတွင်းရှိ ရေပေါက်ပင်များ (ဗေဒါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိ ငါးများနှင့် အသုံးပြုရေများကို ငါးရောဂါစစ်ဆေးခြင်းနှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊

❖ ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့်မြောင်းများကို အတားအဆီးဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သော အဆောက်အဦ၊ ကန်များတည်ဆောက်ခြင်း မပြုလုပ်ရန်၊ ငါးမွေးကန်များကို သေချာသောမြေနေရာချထားတည်ဆောက်မှု (Layout Plan) ဖြင့် ရေဝင်ရေထွက်ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း (အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူ သယ်ယူရွှေ့ပြောင်းနိုင်မည့် လမ်း၊ ချောင်းတို့ကို ပြင်ဆင်ထားရှိပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို မွေးမြူမည့်ငါးများအတွက် သင့်တော်သော ရေအရည်အသွေးရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေဩဇာထည့်ခြင်းတို့) ပြုလုပ်ပေးပါရန်၊

❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်ကို အမြန်ပြန်လည်မွေးမြူနိုင်ရေး သင့်တော်မည့်ငါးအရွယ်များ ထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်၊

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | အနိမ့်ဆုံးပညာအရည်အချင်း | အသက် |
|---|---|---|---|---|
| (က) | လက်ထောက်စုံစမ်းရေးမှူး (၁၈၀၀၀၀ိ-၂၀၀ဝိ-၁၉၀၀၀ဝိ) (အမျိုးသား/အမျိုးသမီး) | (၄၄)နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူ (ဥပဒေဘွဲ့၊စီးပွားရေးဘွဲ့၊ အင်္ဂလိပ်စာဘွဲ့၊ ကွန်ပျူတာဘွဲ့များအား ဦးစားပေးမည်) | ၃၀-၁၁-၂၀၂၄ နေ့တွင် (၂၈)နှစ်ထက်မကြီးသူ |
| (ခ) | ယာဉ်မောင်း-၅ (၁၆၂၀၀ဝိ-၂၀၀ဝိ-၁၇၂၀၀ဝိ) (အမျိုးသား) | (၁၇)နေရာ | အခြေခံပညာအလယ်တန်းအဆင့် (ယာဉ်မောင်းလိုင်စင်ရှိရမည်) | ၃၀-၁၁-၂၀၂၄နေ့တွင် (၄၅)နှစ်ထက်မကြီးသူ |
| (ဂ) | ရုံးအကူ/စာပို့ (၁၄၄၀၀ဝိ-၂၀၀ဝိ-၁၅၄၀၀ဝိ) (အမျိုးသား/အမျိုးသမီး) | (၁၅)နေရာ | တက္ကသိုလ်ဝင်တန်းအောင် | ၃၀-၁၁-၂၀၂၄ နေ့တွင် (၁၈) နှစ်ထက်မငယ်သူ (၂၅)နှစ်ထက်မကြီးသူ |

၂။ လျှောက်ထားသူသည် -
(က) အပိုဒ် ၁(က)(ဂ) ရာထူးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်၊
(ခ) အပိုဒ် ၁ (က) လျှောက်ထားသူသည်
(၁) ဘွဲ့လက်မှတ်(မူရင်း)(သို့မဟုတ်) ဘွဲ့ရရှိကြောင်း ယာယီဘွဲ့ ထောက်ခံစာ( မူရင်း)တို့အား တင်ပြနိုင်ရမည်၊
(၂) အမျိုးသားဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၃လက်မ၊ ရင်အုပ်နဂိုအနေ ၃၂ လက်မနှင့် ကိုယ်အလေးချိန် ၁၁၀ ပေါင် ရှိရမည်၊
(၃) အမျိုးသမီးဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၊ ကိုယ်အလေးချိန် ၁၀၀ ပေါင် ရှိရမည်၊
(၄) ဆေးအဆင့် (က)ရှိရမည်၊
(၅) လက်ထောက်စုံစမ်းရေးမှူးရာထူး အတွက် လုပ်ငန်းသဘောသဘာဝအရ မျက်မှန်တပ်ဆင်ထားသူနှင့် ကိုယ်အင်္ဂါ ချို့ယွင်းသူများ မဖြစ်ရ၊
(ဂ) အပိုဒ် ၁ (ခ )လျှောက်ထားသူသည် ယာဉ်မောင်းလိုင်စင်(ခ)တင်ပြနိုင်ရမည်။
(ဃ) အပိုဒ် ၁ (ဂ) လျှောက်ထားသူသည် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)တင်ပြနိုင်ရမည်၊
(င) နယ်ဘက်တရားရုံးများတွင် အမှုအခင်း ကင်းရှင်းသူဖြစ်ရမည်၊
(စ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
(ဆ) ဌာနတွင် အနည်းဆုံး(၁)နှစ်တာဝန်ထမ်းဆောင်ရမည်၊
(ဇ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လက်ထောက်စုံစမ်းရေးမှူးရာထူးလျှောက်ထားသူများသည် မြန်မာစာ၊အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များကိုရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သူများကို စိတ်စစ်ဆေးခြင်း၊ ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

၄။ ယာဉ်မောင်း-၅ ရာထူး လျှောက်ထားသူများအား ကျွမ်းကျင်မှုစစ်ဆေးပြီးမှသာ လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်သည်။

၅။ ရုံးအကူ/စာပို့ရာထူး လျှောက်ထားသူများအား လူတွေ့စစ်ဆေးခြင်းကိုသာ ပြုလုပ်မည်ဖြစ်သည်။

၆။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများတွင် သတင်းစာ၌ ကြော်ငြာပါဝင်သည့်နေ့မှစ၍ ရယူနိုင်သည်၊ ယင်းသတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားခြင်းကိုသာ လက်ခံမည်။

၇။ လျှောက်လွှာလျှောက်ထားခြင်းကို လျှောက်လွှာရယူခဲ့သော သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများသို့ ၂၄-၁၁-၂၀၂၄ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၈။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါအထောက်အထားစာရွက်စာတမ်းများ ပူးတွဲပါဝင်ရမည်-
(က) ဘွဲ့လက်မှတ်မိတ္တူ၊(၁၀)တန်းအောင်လက်မှတ်မိတ္တူ (လက်ထောက်စုံစမ်းရေးမှူးရာထူးနှင့်ရုံးအကူ/စာပို့ရာထူးများအတွက်သာ)
(ခ) သက်တမ်းရှိအလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ)
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
(ဃ) အိမ်ထောင်စုစာရင်း(မိတ္တူ)
(င) ယာဉ်မောင်းလိုင်စင်(မိတ္တူ)နှင့်ပညာအရည်အချင်းထောက်ခံချက်(မိတ္တူ)(ယာဉ်မောင်း-၅ ရာထူးအတွက်သာ)
(စ) ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာရဲစခန်းမှ ထောက်ခံစာ(မူရင်း)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း)
(ဆ) (၂)လအတွင်းရိုက်ထားသော ၁.၅" x ၂" အရွယ် ဓါတ်ပုံ(၃)ပုံ (ဓါတ်ပုံနောက်ဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးရန်)
(ဇ) အိမ်ထောင်မရှိ လူပျို/အပျိုဖြစ်ကြောင်း ကိုယ်တိုင်ခံဝန်ချက်(လက်ထောက်စုံစမ်းရေးမှူးရာထူးနှင့်ရုံးအကူ/စာပို့ရာထူးများအတွက်သာ)
(ဈ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ခံဝန်ချက်၊
(ည) ဌာနတွင် (၁)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကိုယ်တိုင်ခံဝန်ချက်၊
(ဋ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာပြစ်မှု ကင်းရှင်းကြောင်း ထောက်ခံချက် မူရင်း/မိတ္တူ

၉။ အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

